# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ – ၇၈)


၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက် | ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ် (၀၇၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို ဘက်ပေါင်းစုံမှ ထိခိုက်စေနိုင်သည့် အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းသွားစေရေးသည် အလွန်အရေးကြီး

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပါဝင်ဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ခင်းကျင်းပြသထားသည်များကို ကြည့်ရှုစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၉**

အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန – ၁ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Confer–encing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် ၂၀၀၅ ခုနှစ်တွင်


*စာမျက်နှာ ၃ ကော်လံ ၁* ✻





# အဂတိမှုများ ထိန်းသိမ်းရှောင်ရှား

အမျိုးသားရေး မျှော်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးတို့ကို အကောင်အထည်ဖော်ရာတွင် နိုင်ငံ့ဝန်ထမ်းများက အဓိက ဆောင်ရွက်ကြရသူများဖြစ်သည်။ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးကာ ပြည်တွင်းစီးပွားရေးကို မြှင့်တင်ခြင်းအားဖြင့် ဆင်းရဲနွမ်းပါးမှု လျော့ကျလာရေးကို ဦးတည်ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ရာ ဝန်ထမ်းများ အရည်အသွေးမြင့်မားပြီး တစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရားကောင်းမွန်မှုတို့မှာ အခြေခံကျသော လိုအပ်ချက်များပင် ဖြစ်သည်။ ဝန်ထမ်းတစ်ဦးချင်း ကိုယ်ကျင့်တရား ကောင်းမွန်သည့် ဝန်ထမ်းအဖွဲ့အစည်းသည် ပြည်သူက ယုံကြည်လေးစားမှုကို ရရှိပြီး ဂုဏ်သိက္ခာရှိသည့် အဖွဲ့အစည်းလည်း ဖြစ်လာမည်ဖြစ်သည်။

ယခုအခါ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅) ကို ရေးဆွဲချမှတ်ပြီး အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၏ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးကို ဆောင်ရွက်လျက်ရှိသည်။ အဂတိလိုက်စားမှုများကို ကာကွယ်ဟန့်တားရာတွင် အများပြည်သူနှင့် တိုက်ရိုက်ထိတွေ့နေသည့် အောက်ခြေအဆင့်များမှစကာ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် "အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU)"များကို ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များတွင် ဖွဲ့စည်းထားပြီး ဖြစ်သကဲ့သို့ ဝန်ထမ်းအဖွဲ့အစည်းများ၏ အများပြည်သူဆိုင်ရာဝန်ဆောင်မှုများ ဆောင်ရွက်ရာတွင် အသေးစား အဂတိလိုက်စားမှုများကို ထိရောက်စွာ ဟန့်တားနိုင်ရန်အတွက် "အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်" (Public Feedback Programme–PFP) ကို အကောင်အထည်ဖော်လျက်ရှိရာ ဝန်ဆောင်မှုရယူသည့် ပြည်သူများကရော ဝန်ဆောင်မှုပေးသည့် ဝန်ထမ်းများကပါ အဂတိမှုများကို ထိန်းသိမ်းရှောင်ရှားကြရမည်ဖြစ်သည်။ မိမိတို့ ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ပွင့်လင်းမြင်သာမှုရှိရှိ၊ အဂတိကင်းကင်းဖြင့် ဆောင်ရွက်ပေးသည်နှင့်အမျှ ဌာနအဖွဲ့အစည်း၏ ဂုဏ်သတင်းမွေးပျံ့လာမည်သာဖြစ်သည်။

နေပြည်တော်တွင် ဒီဇင်ဘာ ၉ ရက်က ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အဂတိပယ်ခွာ ပြည်သာယာဆိုသည့် ဆောင်ပုဒ်အတိုင်း အဂတိလိုက်စားမှု ကျူးလွန်ခြင်းများကို လျော့နည်းပပျောက်စေရေးအတွက် မူဝါဒနှင့် ဥပဒေမူဘောင် ခိုင်မာရေး၊ လုပ်ထုံးလုပ်နည်းများ ရှင်းလင်းခိုင်မာရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်ကို ပြောကြားလိုပါကြောင်း။ အဂတိလိုက်စားမှုသည် အသွင်အမျိုးမျိုးဆောင်ပြီး ဖြစ်ပေါ်နေခြင်းဖြစ်သည့်အတွက် ဥပဒေကြောင်းအရသာမက ကောင်းမွန်သော ကိုယ်ကျင့်တရားထွန်းကားရေး နည်းလမ်းများအရပါ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။ နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းများသာမက အများပြည်သူများနှင့်လည်း သက်ဆိုင်သည့် အကြောင်းအရာဖြစ်သည့်အတွက် အားလုံးပါဝင်ဆောင်ရွက်ကြရန် လိုအပ်သည်ဟု တိုက်တွန်းပါကြောင်း" ပြောကြားခဲ့သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့အတွက် အထူးပင် အရေးကြီးသည့် လုပ်ငန်းကြီးတစ်ခုဖြစ်သည့်အလျောက် အားလုံးပါဝင်ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။




## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဒီဇင်ဘာ ၉**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက် တွင် ယနေ့အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

## စင်ကာပူနိုင်ငံ၌ ဒီဇင်ဘာ ၁၀ ရက်တွင် ကျင်းပမည့် အာရှ - ပစိဖိတ်ဒေသတွင်း အရိုးပွရောဂါဆိုင်ရာ လုပ်ငန်းအဖွဲ့ ထိပ်သီးအစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာနမှ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၉**

စင်ကာပူနိုင်ငံ၌ ဒီဇင်ဘာ ၁၀ ရက်တွင် ကျင်းပမည့် အာရှ-ပစိဖိတ်ဒေသတွင်း အရိုးပွရောဂါဆိုင်ရာ လုပ်ငန်းအဖွဲ့ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ကျန်းမာရေး ဝန်ကြီးဌာနမှ ပါမောက္ခ ဒေါက်တာတက်ထွန်းချစ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့(ယာပုံ)သည် ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်း ခရီးစဉ်အမှတ် SQ-761 ဖြင့် ထွက်ခွာသွားခဲ့သည်။



အဆိုပါ အာရှ-ပစိဖိတ်ဒေသတွင်း အရိုးပွရောဂါဆိုင်ရာလုပ်ငန်းအဖွဲ့သည် အရိုးပါး၊ အရိုးပွရောဂါ ကုသရေးနှင့် အရိုးကျိုးမှုများကို ကာကွယ်ရန်အတွက် ဒေသတွင်း ပညာရှင်များစုပေါင်း၍ ကုသရေးဆိုင်ရာ လိုအပ်ချက်များကို ဖြေရှင်းရန် ဖွဲ့စည်းထားခြင်းဖြစ်ပြီး အဆိုပါအဖွဲ့တွင် မြန်မာနိုင်ငံမှ ကျန်းမာရေးပညာရှင်အဖွဲ့ဝင်အဖြစ် ပါမောက္ခ ဒေါက်တာတက်ထွန်းချစ်က ၂၀၁၉ ခုနှစ်မှစတင်၍ ပါဝင်ဆောင်ရွက်ခဲ့ရာ ယခုကျင်းပမည့် ထိပ်သီးအစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် နိုင်ငံတကာမှ ပညာရှင်များနှင့်အတူ ဆွေးနွေးကြမည်ဖြစ်သဖြင့် နိုင်ငံ၏ အရိုးပါး၊ အရိုးပွရောဂါကုသရေးနှင့် အရိုးကျိုးမှုများကို ကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများအတွက် များစွာအကျိုးရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**

## နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)မှ သွားနှင့်ခံတွင်းဝေဒနာရှင်များအား ကျန်းမာရေးစောင့်ရှောက်ပေး

**နေပြည်တော် ဒီဇင်ဘာ ၉**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) မှ စတုတ္ထနှစ်ဘီဒီအက်စ် (၁/၂၀၂၀) သင်တန်း အောင်မြင်ပြီးသော ကျောင်းသား ကျောင်းသူ ၃၅ ဦး၊ အလုပ်သင် ဆရာဝန်ခြောက်ဦးနှင့် အုပ်ချုပ်သူ ဆရာ ဆရာမ ငါးဦး စုစုပေါင်း ၄၆ ဦး ပါဝင်သော အဖွဲ့သည် ဒီဇင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၉ ရက်နေ့အထိ နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ သွားနှင့်ခံတွင်းဝေဒနာရှင်များအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် သွားနှင့်ခံတွင်းရောဂါ ကုသပေးခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါ အဖွဲ့သည် နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ ဥတ္တရသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်များသို့သွားရောက်ပြီး အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နှင့် ကျေးရွာများအတွင်းရှိ လူဦးရေ ၁၀၂၆ ဦးအား ပညာပေးဟောပြောခြင်း၊ ကျောင်းသား ကျောင်းသူ ၇၈၁ ဦးအား သွားနှင့်ခံတွင်း စစ်တမ်းကောက်ယူခြင်း၊ ပြည်သူ ၁၈၅၆ ဦးအား သွားနှင့်ခံတွင်း ကျန်းမာရေး စစ်ဆေးပေးခြင်း၊ သွားနှင့်ခံတွင်းဝေဒနာရှင် ၄၉၈ ဦးအား အခမဲ့ကုသပေးခြင်းများ ဆောင်ရွက်ကြသည်။ (ဝဲပုံ)



သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်) အနေဖြင့် ကျောင်းသား ကျောင်းသူများ အတွေ့အကြုံသစ်များ ရရှိနိုင်ရန်နှင့် ဒေသအလိုက် သွားရောဂါဖြစ်ပွားမှုအခြေအနေ စစ်တမ်းကောက်ယူရန်၊ ပညာပေးရန်နှင့် ဆေးရုံဆေးခန်းသို့ လာရောက်ရန် မလွယ်ကူသော ပြည်သူလူထုအတွက် သွားနှင့်ခံတွင်း စောင့်ရှောက်ခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

- ❖ **အဂတိလိုက်စားမှုသည် အကျင့်ပျက်ခြစားမှုများနှင့် လူများ၏ စိတ်ဓာတ်နှင့် စာရိတ္တများပျက်စီးစေပြီး နိုင်ငံအတွက် အန္တရာယ်ဖြစ်သဖြင့် နိုင်ငံတော်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် ပြဋ္ဌာန်းထားပြီး ထိရောက်သည့် ဟန့်တားဆောင်ရွက်မှုများနှင့် အရေးယူဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိ**
- ◆ **အဂတိလိုက်စားမှုလျော့နည်းကျဆင်းစေရေး ဆောင်ရွက်ရာတွင် စုံစမ်းစစ်ဆေးအရေးယူမှု တစ်ခုတည်းဖြင့် ဆောင်ရွက်မည်ဆိုပါက လုံလောက်မှုမရှိနိုင်၊ အဂတိလိုက်စားမှုကို လုံးဝလက်မခံသည့် ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးနှင့် အကျင့်ပျက်ခြစားမှုများ မရှိစေရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် အသိပညာပေးရေးနှင့် တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များကိုပါ အချိန်နှင့်တစ်ပြေးညီ အလေးထားလုပ်ဆောင်သွားကြရန်လိုအပ်**

*❊ ရွှေဖုံးမှ*

ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ၁၆၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပါကြောင်း၊ ကွန်ဗင်းရှင်းက ချမှတ်ထားသည့်အချက်များ၊ လိုက်နာကျင့်သုံးရမည့်ကျင့်ဝတ်များကို သဘောတူလက်မှတ်ရေးထိုးထားပြီး အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

**နှစ်စဉ်ကျင်းပပြုလုပ်**

နှစ်စဉ် ဒီဇင်ဘာလ ၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ပြီး ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများက အထိမ်းအမှတ်အခမ်းအနားများကို ကမ္ဘာတစ်ဝန်း၌



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ရှင်းလင်းတင်ပြစဉ်။



အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးသန်းဆွေ ရှင်းလင်းတင်ပြစဉ်။

နှစ်စဉ် ကျင်းပပြုလုပ်လျက်ရှိရာ မိမိတို့ မြန်မာနိုင်ငံကလည်း ၂၀၁၇ ခုနှစ်မှစပြီး နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံတော်၏တာဝန်များကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ တာဝန်ယူထမ်းဆောင်နေစဉ်ကာလအတွင်း ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့်အညီ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

**အရေးယူဆောင်ရွက်လျက်ရှိ**

ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို ဘက်ပေါင်းစုံမှ ထိခိုက်စေနိုင်သည့် အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းသွားစေရေးသည် အလွန်အရေးကြီးပါကြောင်း၊ အဂတိလိုက်စားမှုသည် အကျင့်ပျက်ခြစားမှုများနှင့် လူများ၏စိတ်ဓာတ်နှင့် စာရိတ္တများပျက်စီးစေပြီး နိုင်ငံအတွက် အန္တရာယ်ဖြစ်သဖြင့် နိုင်ငံတော်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် ပြဋ္ဌာန်းထားပြီး ထိရောက်သည့် ဟန့်တားဆောင်ရွက်မှုများနှင့် အရေးယူဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ပြောင်းလဲလာသည့် ခေတ်နှင့်အညီ ပုံစံအမျိုးမျိုးဖြင့် ပေါ်ပေါက်လာသည့် အဂတိလိုက်စားမှုများကို တားဆီးကာကွယ်အရေးယူနိုင်ရန်အတွက် အဆိုပါဥပဒေကို စတုတ္ထအကြိမ်အထိ ပြင်ဆင်ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။

**ဘက်ပေါင်းစုံက ဆောင်ရွက်**

သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖြစ်ပေါ်လာစေရေး၊ အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရေး၊ လူ့အဖွဲ့အစည်း၊ နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးတို့အတွက် မိမိတို့အနေဖြင့် ဘက်ပေါင်းစုံက အလေးထား ဆောင်ရွက်လျက်ရှိသည်ကို အသိပေးပြောကြားလိုပါကြောင်း။

အဂတိလိုက်စားမှုကို အဓိပ္ပာယ်ဖွင့်ဆိုကြရာတွင် လာဘ်ပေးလာဘ်ယူခြင်းထက် ပိုမိုကျယ်ဝန်းပါကြောင်း၊ ခြိမ်းခြောက်ငွေညစ်ခြင်း၊ လိမ်လည်ခြင်း၊ နိုင်ငံတော်ပိုင်ဘဏ္ဍာနှင့် ပစ္စည်းများကို အလွဲသုံးစားပြုခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို ကိုယ်ပိုင်ပစ္စည်းအဖြစ်သုံးစွဲခြင်း၊ မလျော်ဩဇာသုံး၍ မဲဆွယ်ခြင်း၊ မိမိ မိသားစုနှင့် ဆွေမျိုးကောင်းစားရေးဝါဒ အသုံးပြုခြင်း၊ မိမိနှင့် နီးစပ်အဆင်ပြေသူ ကောင်းစားရေးဝါဒရှိခြင်းတို့သည် အဂတိလိုက်စားမှုမြောက်သည့် အပြုအမူများ ဖြစ်ပါကြောင်း။

နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ပြီး နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုများကို ထိခိုက်နစ်နာစေခဲ့ပါက အဂတိလိုက်စားမှုမြောက်မည်ဖြစ်သည့်အတွက် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတိထားလိုက်နာလုပ်ဆောင်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်းပြီး မရှင်းလင်းသည့် အချက်များ၊ ဒွိဟဖြစ်ဖွယ်ရာ အကြောင်းအရာများတွေ့ရှိပါက သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများထံမှ သဘောထားမှတ်ချက်တောင်းခံပြီး ပေးပို့လာသည့် သဘောထားမှတ်ချက်များနှင့်အတူ အထက်အဖွဲ့အစည်းသို့ လမ်းညွှန်မှုခံယူဆောင်ရွက်သွားရန် လိုအပ်သည်ကို ပြောကြားလိုပါကြောင်း။

**အကျင့်ပျက်ခြစားမှုများ မရှိစေရေး**

အဂတိလိုက်စားမှု လျော့နည်းကျဆင်းစေရေး ဆောင်ရွက်ရာတွင် စုံစမ်းစစ်ဆေးအရေးယူမှု တစ်ခုတည်းဖြင့် ဆောင်ရွက်မည်ဆိုပါက လုံလောက်မှုမရှိနိုင်ပါကြောင်း၊ အဂတိလိုက်စားမှုကို လုံးဝလက်မခံသည့် ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးနှင့် အကျင့်ပျက်ခြစားမှုများ မရှိစေရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် အသိပညာပေးရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များကိုပါ အချိန်နှင့်တစ်ပြေးညီ အလေးထားလုပ်ဆောင်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး၏ အနှစ်သာရသည် အများပြည်သူ၏ အကျိုးစီးပွားကို ကာကွယ်ပေးရန်နှင့် အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်းဖြစ်စေရန်ဖြစ်ပါကြောင်း၊ ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူများအကြား ပေါင်းကူးတံတားများသဖွယ် ဆက်သွယ်ဆက်ဆံပြီး ယုံကြည်မှုတည်ဆောက်ပေးရသူများလည်းဖြစ်ပါကြောင်း၊ ကောင်းမွန်သည့်အုပ်ချုပ်ရေးကို ပုံဖော်ရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များသည် အရေးပါသကဲ့သို့ ပြည်သူ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းများ၏ စည်းကမ်းလိုက်နာမှု၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်စောင့်ထိန်းမှုများမှ လမ်းချော်လွဲမှားသွားစေသည့် အဓိကအချက်မှာ အဂတိလိုက်စားမှုပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ကြမည်ဆိုပါက ပြည်သူများ၏ ယုံကြည်မှုကိုရရှိပြီး ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ်ကို ဖြစ်ပေါ်စေပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ ဖြောင့်မတ်တည်ကြည်မှုရှိစေရေးနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးတို့တွင် ပူးပေါင်းပါဝင်လာစေရေးအတွက် ထုတ်ပြန်ထားသည့် ကျင့်ဝတ်များကို လိုက်နာကြစေရေးနှင့် ကျင့်ဝတ်ဆိုင်ရာ သင်တန်းများသည်လည်း အရေးပါသည်ကို အသိပေးပြောကြားလိုပါကြောင်း။

**"အဂတိလိုက်စားမှုများလေလေ ဆင်းရဲနွမ်းပါးမှုများလေ၊ ဆင်းရဲနွမ်းပါးမှုများလေလေ အဂတိလိုက်စားမှုများလေ"** ဖြစ်သည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅) ကို ရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်တွင်

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ခင်းကျင်းပြသထားသည်များကို ကြည့်ရှုစဉ်။

**❍ အဂတိလိုက်စားမှုများသည် အသွင်အမျိုးမျိုးဆောင်ပြီး ဖြစ်ပေါ်နေခြင်းဖြစ်သည့်အတွက် ဥပဒေကြောင်းအရသာမက ကောင်းမွန်သော ကိုယ်ကျင့်တရားထွန်းကားရေး နည်းလမ်းများအရပါ ဆောင်ရွက်ရမည်ဖြစ်၊ နိုင်ငံဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းများသာမက အများပြည်သူများနှင့်လည်း သက်ဆိုင်သည့် အကြောင်းအရာဖြစ်သည့်အတွက် အားလုံးပါဝင်ဆောင်ရွက်ကြရန်လိုအပ်**

*စာမျက်နှာ ၃ မှ*

တားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်းဆိုသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်သုံးရပ်ကို ဟန်ချက်ညီညီ ပေါင်းစပ်လုပ်ဆောင်ကြစေရန် ရေးဆွဲထားပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမျိုးသားရေးမျှော်မှန်းချက်သည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးဖြစ်ပါကြောင်း၊ ဆက်စပ်ပြီး ပြည်တွင်းစီးပွားရေးမြှင့်တင်ခြင်းဖြင့် ပြည်သူတို့၏ ဘဝ ဖွံ့ဖြိုးတိုးတက်ရန် ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးခြင်းဖြစ်ပါကြောင်း၊ ပြည်တွင်းစီးပွားရေးတိုးတက်လာပါက ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆက်စပ်နေသည့် လုပ်ငန်းများအားလုံး အောင်မြင်ရန် မိမိတို့ ကြိုးစားလုပ်ဆောင်ရမည် ဖြစ်ပါကြောင်း။

**ထိန်းသိမ်းဆောင်ရွက်ကြရန်လို**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်နှင့်အညီ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၏ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးကို ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များ တိုးချဲ့ဖွဲ့စည်းထားပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာ အောက်ခြေအဆင့်များကစပြီး ထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ထို့ပြင် အသေးစား အဂတိလိုက်စားမှုများကို ထိရောက်စွာ ဟန့်တားနိုင်ရန်အတွက် "အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP)" ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဓိကအားဖြင့် မိမိကိုယ်တိုင်က အဂတိလိုက်စားမှုကို သတိထားရှောင်ရှားပြီး ပတ်ဝန်းကျင်၏ ပြောဆိုဝေဖန်မှုများကို ဂရုစိုက်သတိထားလုပ်ဆောင်သွားခြင်းဖြင့် အဂတိလိုက်စားမှုလျော့နည်းရာမှ လုံးဝကင်းစင်ပပျောက်သည့် လူ့ပတ်ဝန်းကျင်ကို ဖော်ဆောင်ကြရန် ဖြစ်ပါကြောင်း။

ထို့ပြင် အခြေခံပညာကျောင်းများတွင် အဂတိကင်းစင်သည့် ယဉ်ကျေးမှု၊ အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်း၏ အခြေခံမူ သဘောတရားများ ပြန့်ပွားစေရေးအတွက် **"ကျောင်းသားလူငယ်ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး အသိပညာပေးအစီအစဉ် (Edu–tainment)"** များကို ထည့်သွင်းလုပ်ဆောင်နေပြီ ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ တစ်ဆင့်ချင်း အသိပညာပေးဆောင်ရွက်မှုဖြင့် အနာဂတ်တွင် ဖြောင့်မတ်သော၊ ကိုယ်ကျင့်တရားပြည့်ဝသော နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ဆောင်ရွက်နေပြီဖြစ်သည့်အတွက် အဆိုပါ အစီအစဉ် အောင်မြင်ရေး အလေးထားဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် **"အဂတိပယ်ခွာ ပြည်သာယာ"** ဆိုသည့် ဆောင်ပုဒ်အတိုင်း အဂတိလိုက်စားမှုကျူးလွန်ခြင်းများကို လျော့နည်းပပျောက်စေရေးအတွက် မူဝါဒနှင့် ဥပဒေမူဘောင်ခိုင်မာရေး လုပ်ထုံးလုပ်နည်းများ ရှင်းလင်းခိုင်မာရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်ကို ပြောကြားလိုပါကြောင်း။

အဂတိလိုက်စားမှုများသည် အသွင်အမျိုးမျိုးဆောင်ပြီး ဖြစ်ပေါ်နေခြင်းဖြစ်သည့်အတွက် ဥပဒေကြောင်းအရသာမက ကောင်းမွန်သော ကိုယ်ကျင့်တရား ထွန်းကားရေး နည်းလမ်းများအရပါ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ နိုင်ငံဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းများသာမက အများပြည်သူများနှင့်လည်း သက်ဆိုင်သည့် အကြောင်းအရာဖြစ်သည့်အတွက် အားလုံးပါဝင်ဆောင်ရွက်ကြရန် လိုအပ်သည်ဟု တိုက်တွန်းပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ဘက်လိုက်မှုကင်းရှင်းပြီး မှန်ကန်မျှတ၍ တာဝန်ခံမှုရှိသည့် တရားစီရင်ရေးနှင့် အဂတိတရားကင်းစင်သည့် တရားစီရင်ရေး ဖြစ်ထွန်းရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေက ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် Video Clip ကို ကြည့်ရှုကြပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရုရှား-မြန်မာ နှစ်နိုင်ငံပူးပေါင်း၍ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းနေရာများကို သွားရောက်လေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၉**

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိရေးသည် အဓိကကျသည့် အခန်းကဏ္ဍ၌ ပါဝင်နေသဖြင့် နိုင်ငံတစ်ဝန်း ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးပေးရန် ရရှိနိုင်သမျှသော စွမ်းအင်အရင်းအမြစ်မျိုးစုံမှ ဓာတ်အားထုတ်လုပ်နိုင်ရန် ပြည်တွင်း/ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရန် ရုရှား-မြန်မာ နှစ်နိုင်ငံပူးပေါင်း၍ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုအစီအစဉ်အရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ROSATOM မှ ကိုယ်စားလှယ်နှင့်အဖွဲ့သည် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း စီမံကိန်းလုပ်ငန်းနေရာများသို့ လေ့လာကြည့်ရှုကြသည်။

မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Russian State Atomic Energy Corporation "ROSATOM" မှ ကိုယ်စားလှယ်အဖွဲ့သည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲ၊ စူးစမ်းလေ့လာရေးဌာနခွဲနှင့် ဘူမိဗေဒဌာနခွဲတို့မှ တာဝန်ရှိသူများနှင့်အတူ ဇေယျာသီရိ မြို့နယ် ဇီးရိုင်းကျေးရွာ သစ်တော်ကျေးရွာအုပ်စု ငါးတဲစုကျေးရွာ ပေါင်းလောင်းရေလှောင်တမံအနီးရှိ မြေနေရာတို့ကို အပူစွမ်းအင်ဆိုင်ရာ စီမံကိန်းတို့နှင့် ဆက်စပ်သော ကျောက်သား Mechanic ဆိုင်ရာများလေ့လာခြင်း၊ ရေရရှိနိုင်မှု၊ လျှောင်နှင့် ပြတ်ရွေ့များလေ့လာခြင်း၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ၊ သဘာဝပတ်ဝန်းကျင်အခြေအနေနှင့် လူမှုဘဝ နေထိုင်မှုတို့ကို လေ့လာကြသည်။ ထို့နောက် ပေါင်းလောင်းရေလှောင်တမံ၌ ရေဝင်ရောက်မှု၊ တမံ တည်ဆောက်ထားရှိမှုနှင့် တမံအမြင့်စသည်တို့ကို လေ့လာပြီး စီမံကိန်းတည်ဆောက်မည့်နေရာနှင့် ပတ်သက်၍ မြေနေရာရွေးချယ်ဆောင်ရွက်မှုကို သက်ရောက်နိုင်မှုတို့ကို လေ့လာကြည့်ရှုခဲ့ကြသည်။ ထို့ပြင် ပေါင်းလောင်း ရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားထုတ်လုပ်၍ ထွက်ရှိလာသော ရေများကို ဆက်လက် အသုံးပြုနိုင်ရန်အတွက် ဖြစ်နိုင်ခြေရှိသော အသေးစား ရေအားလျှပ်စစ်စီမံကိန်းနေရာကိုလည်း လေ့လာကြည့်ရှုခဲ့ကြသည်။




မွန်းလွဲပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံကာ **(အပေါ်ပုံ)** လေ့လာ တွေ့ရှိချက်များအပေါ် အခြေခံ၍ အသေးစိတ် Seismic တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မိမိတို့မှ ပြုစုထားရှိသည့် တိုင်းထွာရရှိချက်များကိုလည်းကောင်း၊ လျာထားစီမံကိန်းနေရာများ၏ လျှောင်ပြတ်ရွေ့ကြောအခြေအနေများကိုလည်းကောင်း၊ အသေးစား ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်နိုင်မှုအခြေအနေများကို လည်းကောင်း အသေးစိတ် ဆွေးနွေးခဲ့ကြပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်အတွက် ကျွမ်းကျင်ပညာရှင်များအဖွဲ့ ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ညှော်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ညှော်ခံပွဲနှင့်ညစာစားပွဲ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စိန်ရတုလွတ်လပ်ရေးနေ့ ညှော်ခံပွဲနှင့် ညစာစားပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးကို စိန်ရတုလွတ်လပ်ရေးနေ့ ညှော်ခံပွဲနှင့် ညစာစားပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဦးဆောင်၍ လုပ်ငန်းကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ညှော်ခံပွဲနှင့် ညစာစားပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီအနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို စိန်ရတုလွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီသို့ တင်ပြအတည်ပြုချက်ရယူရမည့်အချက်များ၊ ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ရန် ကျန်ရှိနေမှုများနှင့် အခြားလုပ်ငန်းကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ အကြံပြုချက်များအား အစည်းအဝေးသို့ တက်ရောက်လာကြသူများက ကဏ္ဍအလိုက် အသီးသီးရှင်းလင်းတင်ပြချက်များအပေါ် စိန်ရတုလွတ်လပ်ရေးနေ့ ညှော်ခံပွဲနှင့်ညစာစားပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး/လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Ramanathan Balakrishnan နှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၉**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး/လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Ramanathan Balakrishnan နှင့် အဖွဲ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**




**အမြင်ချင်းဖလှယ် ဆွေးနွေး**

တွေ့ဆုံစဉ် ဝန်ကြီးဌာနအနေဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ဆက်သွယ်ရာဗဟိုဌာနအဖြစ် ပူးပေါင်းဆောင်ရွက်နေမှု၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ နိုင်ငံခြားသားဝန်ထမ်းများ၏ ပြည်ဝင်ဗီဇာနှင့် ပြည်တွင်းနေထိုင်ခွင့်ဆိုင်ရာကိစ္စရပ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ နိုင်ငံဆိုင်ရာအစီအစဉ်များနှင့် စပ်လျဉ်း၍ ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၁၇ - ၂၀၁၈ ခုနှစ်မှ ၂၀၂၁ - ၂၀၂၂ ခုနှစ်အထိ တစ်ဆက်တည်း မြေခွန်စည်းကြပ်ကောက်ခံမှုအပေါ် မြေခွန်ပေးသွင်းရန် ပျက်ကွက်နေမှုများကို စိစစ်၍ ထိုက်သင့်သည့် အရေးယူမှုများ ဆောင်ရွက်သွားမည်

**နေပြည်တော် ဒီဇင်ဘာ ၉**





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက စီမံလမ်းညွှန်ထားသော “တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စံပြအဖြစ် အောင်မြင် ဖြစ်ထွန်းအောင် ဆောင်ရွက်ရန်နှင့် ဒေသမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်ကုန်ကြမ်းများဖြင့် အသေးစား၊ အငယ်စားနှင့်အလတ်စား စက်မှုလုပ်ငန်း (MSME) ထုတ်ကုန်ပစ္စည်းများ မြှင့်တင်ဆောင်ရွက်ပြီး ဒေသတွင်း စီးပွားရေးတိုးတက်စေရန်” လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်နိုင်သည့် မြေများကို အပြည့်အဝ အသုံးချလုပ်ကိုင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ယနေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၈/၂၀၂၂) လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြောကြားသည်။

အစည်းအဝေးသို့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဗဟိုကော်မတီဝင်များ စုံညီစွာ တက်ရောက်ကြပြီး ဗဟိုကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက အစည်းအဝေးတွင် ဆွေးနွေးရမည့် လုပ်ငန်းစာတွဲများကို တင်ပြရာ အစည်းအဝေး တက်ရောက်လာကြသူများက လုပ်ငန်းတစ်ခုချင်းအလိုက် ဆွေးနွေးဆောင်ရွက်ကြသည်။

အဆိုပါ အစည်းအဝေးမှ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ခွင့်ပြုမိန့်များ ထုတ်ပေးခဲ့ပြီးဖြစ်သော ခွင့်ပြုဧရိယာများအပေါ် သတ်မှတ်စည်းကမ်းချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ရန် သတ်မှတ်အချိန်ကာလများ ရောက်ရှိနေပြီဖြစ်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီများကလည်း အထူးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက် ရှိသကဲ့သို့ ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၁-၂၀၂၂ ခုနှစ်အထိ တစ်ဆက်တည်း မြေခွန်စည်းကြပ် ကောက်ခံမှုအပေါ် မြေခွန်ပေးသွင်းရန် ပျက်ကွက်နေမှုများကိုလည်း စိစစ်၍ထိုက်သင့်သည့် အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး နည်းဥပဒေ အပိုဒ် (၅၂) အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသည့် နေ့မှစ၍ လေးနှစ်အတွင်း ပထမနှစ်တွင် ၁၅ ရာခိုင်နှုန်း၊ ဒုတိယနှစ်တွင် ၃၀ ရာခိုင်နှုန်း၊ တတိယနှစ်တွင် ၃၀ ရာခိုင်နှုန်းနှင့် စတုတ္ထနှစ်တွင် ၂၅ ရာခိုင်နှုန်းဖြင့် ရာခိုင်နှုန်းပြည့် လုပ်ငန်းပြီးစီးသည်အထိ ဖော်ထုတ်လုပ်ကိုင်ရမည်ဖြစ်ပြီး ဓာတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းသတ်မှတ်သည့် ကာလအတွင်း လုပ်ငန်းပြီးစီးသည်အထိ ဖော်ထုတ် လုပ်ကိုင်ရမည်ဖြစ်သည်။ အလားတူ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး နည်းဥပဒေ အပိုဒ် ၁၆(ဂ) အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ အငှားချထားခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် ခွဲစိတ်ခြင်း ပြုလုပ်ခွင့် မရှိကြောင်း၊ ယခင် အစိုးရကာလများမှ ယခုကာလအထိ စည်းကမ်းချက် မကိုက်ညီ၍ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ပြန်လည်သိမ်းဆည်းခဲ့ရသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ဧကပေါင်း ၁၆ သိန်းခန့် ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ဝေါမြို့နယ်၌ ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဆွေးနွေး

**ဝေါ ဒီဇင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ဘာသာရပ်ဆွေးနွေးပွဲကို မြစ်ကျိုးကျေးရွာအုပ်စု မြစ်ကျိုးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ခန်းမဆောင်၌ ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟထွန်းက ဝေါမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အသိပညာပေးဆွေးနွေးဟောပြောပြီး မြို့နယ်ပညာရေးမှူး ဦးကြည်စိုး က တက္ကသိုလ်ဝင်တန်းရှိသော ကျောင်းများတွင် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား အချိန်ပိုခေါ်ယူသင်ကြားပေးနေမှုနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အသိပညာပေးရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဝေါမြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ ပူးပေါင်း၍ တက္ကသိုလ်ဝင်တန်းရှိသော ကျောင်းများတွင် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား အချိန်ပိုခေါ်ယူသင်ကြားပေးနေမှုအား ကွင်းဆင်းကြီးကြပ်၍ အားပေးဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့သည်။

**အောင်မြတ်လင်း (ပြန်/ဆက်)**

# (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ကြိုတင်လေ့ကျင့်နေသည့် အားကစားသမားများနှင့် တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၉

**(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ကြိုတင်လေ့ကျင့်နေသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ကိုယ်စားပြု အားကစားသမားများကို တွေ့ဆုံခြင်းနှင့် အောင်နိုင်ရေးအလံအပ်နှင်းခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က နိုင်ငံတော်၏ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်နှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများကို ကျင်းပပေးခြင်းဖြစ်သည့်အတွက် ကြုံတောင့်ကြုံခဲ အခွင့်အရေးတစ်ခုကို လက်ဆုပ်လက်ကိုင်ပြုနိုင်ရန် ဖွဲ့ ၊ လုံ့လ ၊ ဝီရိယအပြည့်ဖြင့် ဖြူစင်သောစိတ်ဓာတ်ထားရှိပြီး ကြိုးစားယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း။

နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေသည့် ဝန်ထမ်းများသည် ကျန်းမာကြံ့ခိုင်မှုအမြဲပြည့်ဝနေရန် လိုအပ်ပြီး ကျန်းမာကြံ့ခိုင်မှသာ မိမိတို့၏ ရည်မှန်းချက်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းသည် နိုင်ငံတော်နှင့် ဌာန၏ ဂုဏ်ကို မြှင့်တင်ရာရောက်ပါကြောင်း၊ မိမိတို့ယှဉ်ပြိုင်မည့် အားကစားပြိုင်ပွဲများအလိုက် အောင်မြင်မှုများ ရရှိအောင် အားကစားစိတ်ဓာတ်အပြည့်ဖြင့် စည်းကမ်းတကျ ကြိုးစားရမည်ဖြစ်ပါကြောင်း။

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲအသီးသီးမှတစ်ဆင့် မိမိတို့၏ အရည်အချင်းများကို ဖော်ထုတ်ပြီး အောင်မြင်မှုရရှိသူများဖြစ်အောင် ကြိုးစားကြရန်၊ အားကစားသမားကောင်းပီသသည့် စိတ်ဓာတ်ဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြှင့်တင်နိုင်သည့် အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအသင်းအလိုက် တာဝန်ရှိသူများက အားကစားပြိုင်ပွဲ ကြိုတင်လေ့ကျင့်နေမှုများနှင့် ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။




ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆောက်လုပ်ရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားအသင်းများ အောင်ပွဲဆင်နိုင်ရေးအတွက် အောင်နိုင်ရေးအလံကို အပ်နှင်းပေးအပ်ရာ**(အပေါ်ပုံ)** ဆောက်လုပ်ရေးဝန်ကြီးဌာန အားကစားအောင်နိုင်ရေးအဖွဲ့ ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးလှထွန်းဦးနှင့် အသင်းအုပ်ချုပ်သူများက လက်ခံရယူပြီး ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ၊ ဒုတိယဝန်ကြီး ဦးဝင်းဖေတို့က အားကစားအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီး ချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းများမှ အားကစားသမား ၇၈ ဦးသည် ဘော်လီဘော၊ ဘောလုံး၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ ထုပ်ဆီးတိုး စသည့် အားကစားနည်း ငါးမျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ဘော်လီဘော(အမျိုးသား / အမျိုးသမီး) ပြိုင်ပွဲနှင့် ယူ-၁၈ (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ဘော်လီဘော(အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ (B)၌ ဆက်လက်ကျင်းပသည်။



ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ဘော်လီဘော (အမျိုးသမီး)ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းက ကယားပြည်နယ်အသင်းကို သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ (အမျိုးသား)ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကယားပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို သုံးပွဲ - တစ်ပွဲဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီး အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဒီဇင်ဘာ ၁၀ ရက် နံနက် ၈ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ဘော်လီဘော (အမျိုးသမီး)ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊မကွေးတိုင်းဒေသကြီး အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်း၊ မန္တလေး တိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ (အမျိုးသား) ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မကွေးတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ယူ-၁၈ (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းများ၌ ကျင်းပရာ လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ဧရာဝတီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးဂိုး- ဂိုးမရှိဖြင့်လည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ရှမ်းပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို ၁၀ ဂိုး - ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသည်။

ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲ ၃ နာရီမှစတင်၍ ယူ-၁၈ (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **အားကာမောင်**

# မူဆယ်မြို့ အခြေခံပညာကျောင်း၌ သဘာဝဘေးအသိပညာပေးဟောပြော

**မူဆယ် ဒီဇင်ဘာ ၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ ကောင်းနောင်ကျေးရွာ အ.လ.က(၁) ကျောင်း၌ ယနေ့ မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ တာဝန်ရှိသူများက သဘာဝဘေး အသိပညာပေး ဟောပြောသည်။

ဟောပြောပွဲတွင် မူဆယ်မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးရဲလင်းအောင်က မြန်မာနိုင်ငံတွင် အဖြစ်များသော သဘာဝဘေးအန္တရာယ် အကြောင်းအရာများ၊ မူဆယ်မြို့နယ်အတွင်း အဖြစ်များသော သဘာဝဘေး အန္တရာယ်များ အကြောင်းနှင့် လိုက်နာဆောင်ရွက်ရမည့် အချက်များကို ဟောပြောသည်။

ဆက်လက်ပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ အကြီးတန်းစာရေး ဒေါ်ဝင့်နန္ဒာဖူးက ရာသီကာလမရွေး ဖြစ်ပွားတတ်သော မီးဘေးနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ရမည့်အချက်များ၊ မီးလောင်နေစဉ် ဆောင်ရွက်ရမည့် အချက်များနှင့် မီးငြိမ်းသတ်ရမည့် နည်းလမ်းများ ဟောပြောသည်။ ယင်းနောက် ကျောင်းသူ ကျောင်းသားများအား သဘာဝ ဘေးအန္တရာယ်နှင့် ပတ်သက်သည့် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**



# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လူဦးရေစာရင်းများကို စနစ်တကျ မထပ်မကျန် ကောက်ယူနိုင်ရေးအတွက် လိုအပ်ချက်များကို ကြိုတင်တွက်ချက် ပံ့ပိုးကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၉**

လူဦးရေစာရင်းမှန်ကန်စေရေး မြေပြင်ကွင်းဆင်း တိုက်ဆိုင်စစ်ဆေးရန်အတွက် ဖွဲ့စည်းထားသည့် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှု ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၂)ကို ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**





### မြေပြင်ကွင်းဆင်း စာရင်းကောက်ယူ

ဦးစွာ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က နိုင်ငံတော်အစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက် အရေးကြီးဆုံး လုပ်ငန်းစဉ်ဖြစ်သည့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြီး အနိုင်ရပါတီကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန် လွှဲပြောင်းပေးနိုင်ရေးအတွက် လူဦးရေစာရင်းမှန်ကန်ရေးသည် လွန်စွာအရေးကြီးပါကြောင်း၊ လူဦးရေစာရင်းမှန်ကန်မှသာ အခြေခံမဲဆန္ဒရှင်စာရင်း မှန်ကန်မည်ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ မဲဆန္ဒရှင်စာရင်းများ မှန်ကန်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ မိမိတို့ဝန်ကြီးဌာနသည် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ပံ့ပိုးကူညီဆောင်ရွက်မှုကိုရယူကာ လဝကမြို့နယ်ဦးစီးမှူးရုံးများတွင်ရှိသည့် နိုင်ငံသားကတ်ပြားထုတ်ပေးခြင်းမှတ်ပုံတင်စာအုပ် (နိုင်-၄) မှတ်တမ်းများကို ပထမအဆင့်အနေဖြင့် လည်းကောင်း၊ အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆)ပါ အချက်အလက်များကို ဒုတိယအဆင့်အနေဖြင့်လည်းကောင်း၊ နည်းပညာအသုံးပြု၍ နေပြည်တော်ရုံးချုပ်ရှိ Server အတွင်းသို့ ဖြည့်သွင်းခြင်းလုပ်ငန်းကို ယခုအခါ ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါကြောင်း၊ ယင်းစာရင်းအချက်အလက်များအပေါ် မူတည်၍ တတိယအဆင့်အနေဖြင့် လူဦးရေစာရင်းမှန်ကန်စေရေးအတွက် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ယင်းလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ ကြီးကြပ်မှုဗဟိုကော်မတီက ဒီဇင်ဘာ ၂ ရက်တွင် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဆင့်ဆင့်ဖြစ်သည့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ရပ်ကွက်/ကျေးရွာအုပ်စုအဆင့် စသည့်မြေပြင်ကွင်းဆင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီများနှင့် မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့တို့ကို ဖွဲ့စည်းကာ လုပ်ငန်းတာဝန်များ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်မည့် နိုင်ငံတော်စီမံချက်ဖြစ်သည့်အတွက် ကြီးကြပ်မှုဗဟိုကော်မတီအနေဖြင့် ကော်မတီအဆင့်ဆင့်ကို ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်နိုင်ရေးအတွက် ယခုကဲ့သို့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပရခြင်းဖြစ်ပါကြောင်း၊ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကိုလည်း ကော်မတီအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြကြရန်နှင့် ကြီးကြပ်မှုဗဟိုကော်မတီဝင်များက အချိန်မီဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ယခု အစည်းအဝေးတွင် လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှု ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်က သင်တန်းစီမံချက်နှင့် မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေးစီမံချက်ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်က မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးဆိုင်ရာ အုပ်ချုပ်မှုစီမံချက်ကိုလည်းကောင်း ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။

ဆက်လက်၍ ကြီးကြပ်မှုဗဟိုကော်မတီဝင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက ပြည်ထောင်စုနယ်မြေ(နေပြည်တော်)နှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူဦးရေစာရင်း မှန်ကန်စေရေးအတွက် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူမည့် အခြေအနေ၊ ကြီးကြပ်မှုကော်မတီအဆင့်ဆင့် ဖွဲ့စည်းထားရှိမှု၊ သင်တန်းများဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု၊ မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့များ ဖွဲ့စည်းနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု၊ စာရင်းကောက်ယူရေးဆိုင်ရာ အုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းစဉ်အလိုက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် ကြီးကြပ်မှုဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းအောင်မြင်ရေးအတွက် ဌာနအလိုက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

### တက်ကြွစွာ ပူးပေါင်းကူညီဆောင်ရွက်

ထို့နောက် ရှင်းလင်းတင်ပြချက်များအပေါ် ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ယခုလုပ်ငန်းစဉ်သည် နိုင်ငံတော်၏ အနာဂတ်အတွက် မဖြစ်မနေဆောင်ရွက်ရမည့် နိုင်ငံတော်စီမံချက်တစ်ခုဖြစ်သည်နှင့်အညီ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အားလုံးက ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ တက်ကြွစွာ ပူးပေါင်းကူညီဆောင်ရွက်ကြရေး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၅) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများအဆင့်အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၉**

လာအိုနိုင်ငံ လွန်ပရာဘမ်မြို့၌ ဒီဇင်ဘာ ၈ ရက်တွင် ကျင်းပသော (၂၅) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်) ဝန်ကြီးများအဆင့် အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။ **(ယာပုံ)**




ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းတွင် ဝန်ကြီးများအဆင့် အလွတ်သဘော အစည်းအဝေးကို ကျင်းပပြီး ဂျီအမ်အက်စ်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ဂျီအမ်အက်စ် အသိပညာကွန်ရက် ထူထောင်ခြင်းဆိုင်ရာ ကိစ္စရပ်များအပေါ် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက အလွတ်သဘော ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများအဆင့် စုံညီအစည်းအဝေးကို "အားလုံးပါဝင်ပြီး ရေရှည်ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် နှစ် ၃၀ အတွင်း ရရှိခဲ့သည့် မဟာမဲခေါင်ဒေသခွဲ၏ အောင်မြင်မှုများမှ တစ်ဆင့် စီးပွားရေးပြန်လည်ကောင်းမွန်ရေးကို အရှိန်မြှင့်တင်ဆောင်ရွက်ရေး"ဟူသည့် ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး ဖွင့်ပွဲအခမ်းအနားတွင် ဂျီအမ်အက်စ် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြသည်။

ဝန်ကြီးများအဆင့် စုံညီအစည်းအဝေးတွင် အဆင့်မြင့်အရာရှိများ အစည်းအဝေး၊ စီးပွားရေးကောင်စီ အစည်းအဝေးနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ အစည်းအဝေးအစီရင်ခံစာတို့ကို ရှင်းလင်းတင်ပြခဲ့ပြီး ဒေသတွင်း ရင်းနှီးမြှုပ်နှံမှု မူဘောင်အသစ် (၂၀၂၃-၂၀၂၅)၊ ဂျီအမ်အက်စ် မဟာဗျူဟာမူဘောင် ၂၀၃၀ အတွက် ရလဒ်မူဘောင်၊ ဂျီအမ်အက်စ် ကျားမရေးရာ မဟာဗျူဟာ၊ ဂျီအမ်အက်စ် ဒစ်ဂျစ်တယ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကနဦးလုပ်ဆောင်ချက်တို့ကို အတည်ပြုခဲ့ပြီး (၂၅)ကြိမ်မြောက် ဂျီအမ်အက်စ်ဝန်ကြီးများအဆင့် အစည်းအဝေး၏ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါ အစည်းအဝေးများကို အိမ်ရှင်နိုင်ငံဖြစ်သည့် လာအိုနိုင်ငံ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ခမ်ဂျနီ ဗွန်ဖိုစီက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာရှဖွံ့ဖြိုးရေးဘဏ်၊ အရှေ့အာရှ၊ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာဥက္ကဋ္ဌ မစ္စတာ အာမက် အမ်ဆာဆိက တွဲဖက်သဘာပတိအဖြစ် ဆောင်ရွက်သည်။

အဆိုပါ (၂၅) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများအဆင့် စုံညီအစည်းအဝေးသို့ မဟာမဲခေါင်ဒေသခွဲ အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံညှိနှိုင်းရေးမှူးများ၊ အဆင့်မြင့်အရာရှိများ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၅၀ ခန့် ပါဝင်တက်ရောက်ကြသည်။

**သတင်းစဉ်**

အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ Bank Of China ပညာသင်ဆုပေးအပ်ပွဲအခမ်းအနား တက်ရောက်၊ Thai Business Association of Myanmar ၏ President ဦးဆောင်သည့်အဖွဲ့ကို အလုပ်သဘောတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် Bank of China (Hongkong) Yangon Branch နှင့် တရုတ်နိုင်ငံဆင်းရဲနွမ်းပါးမှုလျှော့ချရေးဖောင်ဒေးရှင်း မြန်မာနိုင်ငံဆိုင်ရာ (CPPA Myanmar Office) တို့ပူးပေါင်း၍ Bank Of China ပညာသင်ဆုပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ က ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပသည်။(ဃာပုံ)






အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး Mr. Chen Hai နှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ Counsellor ၊ ပညာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တက္ကသိုလ်မှ တာဝန်ရှိသူများနှင့် Bank of China (Hongkong) Yangon Branch မှ တာဝန်ရှိသူများ တက်ရောက်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့က အမှာစကားပြောကြားကြသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက Bank of China အနေဖြင့် ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသာမက ပညာရေး၊ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့တွင် ပံ့ပိုးလုပ်ဆောင်နေသည့်အတွက် ကျေးဇူးတင်ရှိကြောင်းနှင့် မြန်မာနိုင်ငံအစိုးရဌာနများနှင့် ယခုလို ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို အခွန့်ရှည်တည်တံ့စေရန် အထောက်အပံ့ကောင်းများဖြစ်သဖြင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းပြီး အောင်မြင်မှုများ ရရှိစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။ ဆက်လက်၍ ပညာသင်ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ဆက်လက်လုပ်ဆောင်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**နယ်စပ်ကုန်သွယ်မှုကိစ္စရပ်များ ဆွေးနွေး**

အလားတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် မွန်းလွဲ ၃ နာရီခွဲတွင် Thai Business Association of Myanmar ၏ President ဖြစ်သူ Mr. Nuttaphong Visitkitchan ဦးဆောင်သည့်အဖွဲ့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲ၌ တွေ့ဆုံ၍ မြန်မာနိုင်ငံရှိ ထိုင်းလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှု၊ ထိုင်းဘတ်နှင့် မြန်မာကျပ်သုံးစွဲ၍ နယ်စပ်ကုန်သွယ်မှုကိစ္စရပ်များကို ဆွေးနွေးသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ထိုင်းဗဟိုဘဏ်မှ Payment ဆိုင်ရာ တာဝန်ရှိသူ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူးတို့က Online ဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးရှိ CMP အထည်ချုပ်စက်ရုံများတွင် အထည်ချုပ်ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး စစ်ဆေးအားပေး

**ပဲခူး ဒီဇင်ဘာ ၉**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ ပဲခူးတိုင်းဒေသကြီး စက်မှုဇုန်ရှိ CMP အထည်ချုပ်စက်ရုံများဖြစ်သည့် Myan Star နှင့် Suit Star အထည်ချုပ်စက်ရုံများသို့ သွားရောက်ပြီး လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေး၊ ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး၊ အလုပ်ရှင်၊ အလုပ်သမား လုပ်ငန်းခွင်ဆက်ဆံရေး ပိုမို အားကောင်းလာစေရေးအတွက် စက်ရုံ၊ အလုပ်ရုံများမှ အကောင်အထည်ဖော်ဆောင်ရွက်မှုကို ကြည့်ရှုအားပေးသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့အား စက်ရုံ အစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ခံများက လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက CMP လုပ်ငန်းများသည် အလုပ်အကိုင်အခွင့်အလမ်း အများဆုံးဖန်တီးပေးနိုင်၍ မြန်မာလုပ်သားထုနှင့် နိုင်ငံတော်အတွက် ရေတို၊ ရေရှည် အကျိုးဖြစ်ထွန်းစေသည့် စီးပွားရေးလုပ်ငန်း ဖြစ်ခြင်းကြောင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဖွင့်လှစ်လျက်ရှိပြီး New Normal အခြေအနေနှင့် လုပ်ကိုင်နိုင်ရေး သက်ဆိုင်ရာ ဦးစီးဌာနများက စည်းကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။



မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ Skilled Labour များကို ကျွမ်းကျင်မှုအဆင့်နှင့် ကိုက်ညီသည့် အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ ပေးအပ်နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းခွင်အတွင်း လုပ်သားအင်အားများပြားပြီး အလုပ်အကိုင်အခွင့်အလမ်းများသည့် အထည်ချုပ်လုပ်သား အလုပ်အကိုင်ကို ဦးစားပေး စစ်ဆေးအကဲဖြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးခြင်းဖြင့် လုပ်သားများ၏ လူမှုစီးပွားဘဝကို တိုးတက်စေပြီး တိုင်းပြည် ဖွံ့ဖြိုးရေးအတွက်လည်း အထောက်အပံ့များစွာ ရရှိစေနိုင်သဖြင့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့် ဆောင်ရွက်ရန်လိုကြောင်း။

အလုပ်သမားရေးရာ အငြင်းပွားမှုများ လျော့နည်းစေရေး၊ မျှတသည့် အလုပ်သမားရေးရာဆက်ဆံမှု ထူထောင်နိုင်ရေး၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) နှင့် အလုပ်သမား အဖွဲ့အစည်းများသည် အလုပ်ရှင်များနှင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းပြီး လုပ်ငန်းခွင် မတော်တဆထိခိုက်မှုနှင့် လုပ်ငန်းခွင်ရောဂါရရှိခံစားမှု လျော့နည်းကျဆင်းသည်နှင့်အမျှ ကုန်ထုတ်စွမ်းအား မြင့်မားစေရေးအတွက် များစွာအထောက်အကူဖြစ်စေနိုင်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောင်းသားအားကစားပွဲတော်နှင့် လူရည်ချွန်ပွဲများ ယခုနှစ် ၂၀၂၂ - ၂၀၂၃ ခုနှစ်တွင် ပြန်လည်ကျင်းပသွားမည်

**နေပြည်တော် ဒီဇင်ဘာ ၉**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသား အားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အခြေခံပညာကျောင်းသား အားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျောင်းသားအားကစားပွဲတော်နှင့် လူရည်ချွန်ပွဲများ ရပ်နားခဲ့ရသဖြင့် ယခုနှစ် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကျောင်းသားအားကစားပွဲကို ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ် အားကစားနည်းများဖြင့် ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ်အားကစား သမားကောင်းများ ပေါ်ထွန်းလာရေးအတွက် ပြိုင်ပွဲကျင်းပရာတွင် အသက်မှစ၍ စနစ်တကျ မှန်မှန်ကန်ကန်ဖြစ်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျောင်းသားအားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအားလုံး ပါဝင်ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် အခြေခံပညာကျောင်းသား အားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က အခြေခံပညာကျောင်းသားအားကစားပြိုင်ပွဲမှ စတင်၍ အားကစားထူးချွန်သည့် ကျောင်းသား ကျောင်းသူများကို ရွေးချယ်လေ့ကျင့်ပေးသွားပါက အခြေခံကျောင်းသားများ တက္ကသိုလ်တက်ရောက်ချိန်တွင် အာဆီယံတက္ကသိုလ် အားကစားပြိုင်ပွဲများကိုလည်း အရည်သွေးပိုမိုကောင်းမွန်စွာဖြင့် ပါဝင်ယှဉ်ပြိုင်သွားနိုင်မည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအတွက် ပညာသင်တစ်နှစ်တာအတွင်း ကျင်းပဆောင်ရွက်မည့် အားကစားပြိုင်ပွဲ ကာလများကို အားကစားပြက္ခဒိန် ရေးဆွဲသတ်မှတ်ပေးထားပါက ထူးချွန်အားကစားသမားများကို မွေးထုတ်နိုင်မှု ပိုမိုတိုးတက်မည်ဟု အကြံပြုလိုကြောင်း ပြောကြားသည်။

ယင်းနောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်နှင့် ဒုတိယညွှန်ကြားရေးမှူး (ကျောင်းသားရေးရာ)တို့က အခြေခံပညာကျောင်းသား အားကစားပွဲတော်ကျင်းပရေး လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများက ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် လယ်ဝေးမြို့နယ်အတွင်း ၂၀၂၂ - ၂၀၂၃ ခုနှစ် နွေစပါးစိုက်ပျိုးထုတ်လုပ်ရေးအတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ ဆန်စက်လုပ်ငန်းရှင်များ၊ သွင်းအားစုကုမ္ပဏီများနှင့်တောင်သူများ အထူးတွေ့ဆုံပွဲကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၉

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် သီရိမင်္ဂလာခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲက ၂၀၂၂-၂၀၂၃ ခုနှစ် နွေစပါးစိုက်ပျိုးထုတ်လုပ်ရေးအတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ ဆန်စက်လုပ်ငန်းရှင်များ၊ သွင်းအားစုကုမ္ပဏီများနှင့် တောင်သူများ အထူးတွေ့ဆုံပွဲ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေထူထောင်၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်းဝင်ငွေတိုးတက်စေရန် ရည်ရွယ်ကာ လယ်ဝေးမြို့နယ်တွင် နွေစပါးစိုက်ပျိုးထုတ်လုပ်ရေး ဧက ၉၀၀၀ လျာထားဆောင်ရွက်လျက် ရှိပါကြောင်း၊ နွေစပါးစိုက်ပျိုးရန် ရေလိုအပ်ချက်များကိုလည်း ပေါင်းလောင်းဆည်၊ ချောင်းမငယ်၊ မဒန်းနှင့် သဲဖြူဆည်တို့တွင် ရေလုံလောက်စွာ သိုလှောင်ထားရှိသည့်အတွက် နွေသီးနှံစိုက်ပျိုးရာသီတွင် လျာထားချက်အတိုင်း စိုက်ပျိုးနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းထိန်က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးထုတ်လုပ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ဝေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဝင်းက နွေစပါးစိုက်ပျိုးထုတ်လုပ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့လယ်ယာစီးပွားနှင့် အများပိုင်ကုမ္ပဏီလီမိတက်နှင့် နေပြည်တော် ဒေသကော်မတီ ဆန်စပါးအသင်းတို့မှ တာဝန်ရှိသူများက နွေစပါးစိုက်ပျိုး ထုတ်လုပ်ရေးနှင့် ဝယ်ယူရေးအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေသခံတောင်သူများက နွေစပါးစိုက်ပျိုးရေး၊ ရောင်းချရေးများနှင့် စပ်လျဉ်း၍ မေးခွန်းများမေးမြန်းရာ သက်ဆိုင်ရာ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက ပြန်လည်ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

**ဝေကြည် (ပြန်/ ဆက်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ဒီဇင်ဘာ ၉

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၈၅၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်တို့မှ ဒေသခံပြည်သူ ၉၆၃၀နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၁၃၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၇၀၇ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ကျောင်းသား ကျောင်းသူ ၂၉၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၉** – ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့နှင့် တီးတိန်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီ၊ ကျောက်မဲမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၇ ဒီဂရီ စင်တီဂရိတ်စီ၊ နမ့်စန်မြို့၊ မိုင်းယန်းမြို့၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ် မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကွမ်းခြံကုန်းမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ ကော့သောင်းမြို့တွင် ၀ ဒသမ ၇၁ လက်မ၊ ပဲခူးမြို့တွင် ၀ ဒသမ ၂၇ လက်မနှင့် မြိတ်မြို့တွင် ၀ ဒသမ ၂၄ လက်မ တို့ဖြစ်ကြသည်။ **မိုး/ဇလ**

## (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ နှီးနှောဖလှယ်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၉

**(၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ၏ မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။**



အစီအစဉ်အရ မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲဖွင့်ပွဲအခမ်းအနားတွင် သဘာပတိအဖြစ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ကျင်းပရေးလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စုစုဒွေး က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်ဆရာကြီး ဦးဝထွန်း၊ ပါမောက္ခချုပ်(ငြိမ်း)၊ ဆေးဝါးတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာ စန်းစန်းနွဲ့ တို့က ဆောင်ရွက်ကာ သဘာပတိက အဖွင့်အမှာစကား ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

နှီးနှောဖလှယ်ပွဲတွင် ပါမောက္ခချုပ်(ငြိမ်း)၊ ဆေးဝါးတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာစန်းစန်းနွဲ့က သဘာပတိအဖြစ် ဆောင်ရွက်ပြီး သဘာပတိ အဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေး ပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင် ဆရာကြီး ဦးဝထွန်း၊ တိုင်းရင်းဆေးပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းညွန့်တို့က ဆောင်ရွက်သည်။

ထို့နောက် ရိုးရာတိုင်းရင်းဆေးကုထုံး နည်းစနစ်များနှင့် ဆေးဝါးများကို လက်တွေ့အသုံးချနိုင်ရေးအတွက် စနစ်တကျ ဖော်ထုတ်နိုင်ရန် စာတမ်းများ ဖတ်ကြားဆွေးနွေးကြရာ ကချင်ပြည်နယ် ညီလာခံကိုယ်စားလှယ် ဆရာမကြီး ဒေါ်ကြည်ဌေး က "ရိုးရာဆေးအစ်ဖြင့် လှည့်လည်အသုံးပြုကုသမှု"၊ တိုင်းရင်းဆေးတက္ကသိုလ်၊ ခန္ဓာဗေဒဌာန၊ ကထိက/ ဌာနမှူး (ငြိမ်း) ဒေါက်တာနွယ်ဝင်းက "နက္ခတ္တနယဆေးပညာ ဝိုင်းဝန်းဖော်ထုတ်ထိန်းသိမ်းပါ"၊ ကရင်ပြည်နယ်မှ ဒေါက်တာသီသီထိုက်က "ကရင်ပြည်နယ်၊ ဘားအံခရိုင်အတွင်းရှိ ကျေးရွာများတွင် အသုံးပြုနေသော ဆေးဖက်ဝင် အပင်အချို့ကို လေ့လာခြင်း"၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးသိန်းဇော်က "သွပ်ပြာစီရင်ခြင်းနှင့် သွပ်ပြာအသုံးပြုပုံများအား လေ့လာတင်ပြခြင်း"၊ ရှမ်းပြည်နယ် ညီလာခံကိုယ်စားလှယ် ဦးမင်းဟန်က "ရှမ်းရိုးရာ ထယ်နင်း "ယိမ့်ထိုင်" အပူပေးကုသမှုကို ဖော်ထုတ်လေ့လာခြင်း" စာတမ်းများ ဖတ်ကြားကြသည်။

မွန်းလွဲပိုင်းတွင် နှီးနှောဖလှယ်ပွဲ ဒုတိယပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ နာယကဆရာကြီး ဦးမြင့်လွင်က သဘာပတိအဖြစ် ဆောင်ရွက်ကာ သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင် ဆရာ ဦးအောင်မြတ်ကျော်နှင့် တိုင်းရင်းဆေး တက္ကသိုလ်မှ ပါမောက္ခချုပ်၊ ပါမောက္ခဒေါက်တာ သိန်းဇော်လင်းတို့က ဆောင်ရွက်ပြီး ကချင်ပြည်နယ် မြစ်ကြီးနားမှ ဆွမ်ဒူဇော်နော်နှင့်အဖွဲ့က "ကချင်တိုင်းရင်းသားများ၏ ရိုးရာအာဟာရဖြည့်စွက်စာ"၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညီလာခံကိုယ်စားလှယ် ဒေါ်ဥမ္မာမြတ်က "သင်အံကျက်မှတ် လက်ဆင့်ကမ်းလာ တြိသတ် ကုထုံးလင်္ကာ"၊ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်နှင်းဆီက "အစွမ်းထက်သော ဆေးပင်အကြောင်း(သို့) ပတ္တမြား စန္ဒီပင်"၊ ရခိုင်ပြည်နယ် တောင်ကုတ်မှ ဦးလှမြင့်အောင်နှင့်အဖွဲ့က "ရခိုင်ရိုးရာ ဓာတ်ငုပ်နာကုထုံး"၊ တိုင်းရင်းဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(ငြိမ်း) ဦးဝင်းစိုးက "မြန်မာ့အာယုဗ္ဗေဒဆေးပညာနှင့် အပိန်အဝ ပြဿနာလာ အပိန်အဝနှင့် ပတ်သက်သည့် ဆောင်ပုဒ်လင်္ကာများအား စာပေသုတေသနအမြင်ဖြင့် လေ့လာခြင်း" စာတမ်းများ ဖတ်ကြားပြီး နှီးနှောဖလှယ်ပွဲတက်ရောက်လာကြသူများက စာတမ်းများနှင့် ပတ်သက်၍ မေးမြန်းဆွေးနွေးအကြံပြုကြကာ ပညာရပ်များ နှီးနှောဖလှယ်ကြသည်။

ဆက်လက်၍ မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ပိတ်ပွဲ အခမ်းအနားတွင် သဘာပတိအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက ဆောင်ရွက်ပြီး (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ပေးခဲ့ကြသူများ၊ စာတမ်းရှင်များ၊ ဝိုင်းဝန်းပံ့ပိုးကူညီ ဆောင်ရွက်ပေးသော တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခြင်းအတွက် အဘက်ဘက်မှ ပူးပေါင်းပါဝင်ပံ့ပိုးကူညီပေးကြသူများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်းနှင့် တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ စုပေါင်းအားဖြင့် ဆက်လက်ဆောင်ရွက်ကြရန် ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# “သူ့ကျွန်မခံပြီ” ၂၅ နှစ်ပြည့်ငွေရတု တွေ့ဆုံပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၉**

၁၉၉၇ ခုနှစ်က ရုံတင်ပြသခဲ့သည့် “သူ့ကျွန်မခံပြီ” ရုပ်ရှင်ဇာတ်ကားသည် ယခုအခါ ၂၅ နှစ်မြောက် ငွေရတုအခါသမယရောက်ခဲ့ပြီဖြစ်သည်။

အဆိုပါ “သူ့ကျွန်မခံပြီ” ဇာတ်ကားကို ဖန်တီးခဲ့ကြသူ၊ ပါဝင်ခဲ့သူ၊ ရုပ်ရှင်ဇာတ်ကားဖြစ်မြောက်ရေးအတွက် သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ ဝိုင်းဝန်းပံ့ပိုးပေးခဲ့ကြသူများ၏ ၂၅ နှစ်ပြည့် ငွေရတုတွေ့ဆုံပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးလမ်းရှိ သမ္မတရုပ်ရှင်ရုံ ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ သူ့ကျွန်မခံပြီ ဇာတ်ကားကို ဖန်တီးခဲ့ကြသူများ၊ ပါဝင်လှုပ်ရှားခဲ့ကြသူများ၊ အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးပေးခဲ့ကြသူများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ အဆိုပါ ဇာတ်ကားကို ကြည့်ရှုရာတွင် အမျိုးသားရေးစိတ်ဓာတ်များ များစွာကို တွေ့မြင်ရပါကြောင်း၊ သမိုင်းဖြစ်ရပ်မှန်များကို ရိုက်ကူးထားသဖြင့် မျိုးဆက်သစ်လူငယ်များအတွက် အကျိုးကျေးဇူးများစွာဖြင့် ရရှိခဲ့ပါကြောင်း၊ ဇာတ်ကားတွင် မင်းသား၊ မင်းသမီးပေါင်းစုံ အခန်းကဏ္ဍအသီးသီးကို စီစဉ်တည်းဖြတ်ပြီး ရိုက်ကူးထားသည်ကို တွေ့ရပါကြောင်း၊ ဇာတ်ကားရိုက်ကူးစဉ်ကာလကအခက်အခဲများစွာနှင့် ရိုက်ကူးထားသဖြင့် နောင်တွင် အကျိုးပြုမည့် ဇာတ်ကားကောင်းတစ်ခုဖြစ်ပါကြောင်း၊ ငွေရတုသို့ရောက်ရှိခဲ့သည့် အဆိုပါ ဇာတ်ကားတွင် ပါဝင်ခဲ့ကြသူများနှင့် ပြန်လည်တွေ့ဆုံရ၍ အင်မတန်ဝမ်းသာဂုဏ်ယူ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။(ဝဲပုံ)

ဆက်လက်၍ ဒါရိုက်တာဦးကြည်စိုးထွန်းက သူ့ကျွန်မခံပြီ ၂၅ နှစ်ပြည့် ငွေရတုမှတ်တမ်းစာအုပ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ဤစာအုပ်သည် ၁၉၉၇ ခုနှစ်က ရုံတင်ပြသခဲ့သော သူ့ကျွန်မခံပြီ ရုပ်ရှင်ဇာတ်ကား ရိုက်ကူး၊ ထုတ်လုပ်၊ ပြသခဲ့သည့် ၂၅ နှစ်ပြည့် အမှတ်တရထုတ်ဝေသော စာအုပ်ဖြစ်ပြီး အမှတ်တရစာအုပ်ဖြစ်ခြင်းကြောင့် သူ့ကျွန်မခံပြီ ရုပ်ရှင်ဇာတ်ကားရိုက်ကူးရန် စဉ်းစားခဲ့သည်မှ အစ ရုပ်ရှင်အဖြစ် ရိုက်ကူးရန် ဖွဲ့စည်းဆောင်ရွက်မှုများ၊ ရိုက်ကူးခဲ့ကြသည်များ၊ ရုံတင်ပြသခဲ့ကြသည်များ အကြောင်းကို မရိုက်ကူးမီ၊ ရိုက်ကူးချိန်၊ ပြသချိန်နှင့် နောက်ကြောင်းပြန် ၂၅ နှစ် ကာလကို အပိုင်းကြီး လေးပိုင်းခွဲ၍ တင်ပြထားပါကြောင်း၊ ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ်ကျင်းပမည့် လူငယ်နှင့် စာပေအနုပညာပြပွဲတွင် သူ့ကျွန်မခံပြီ ဇာတ်ကားကို ကျောင်းသား ကျောင်းသူများအား ပြသသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လွန်ခဲ့သည့် ၂၅ နှစ်က သူ့ကျွန်မခံပြီ ဇာတ်ကားတွင် ပါဝင်ခဲ့ကြသည့် ပညာရှင်များနှင့် အနုပညာရှင်များက မိမိတို့ ပါဝင်ဖန်တီးခဲ့မှု အခန်းကဏ္ဍများကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသူများကို သူ့ကျွန်မခံပြီ ၂၅ နှစ်ပြည့် ငွေရတုမှတ်တမ်းစာအုပ်များကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အောင်မြင့် (ပြန်/ဆက်)**

## အနုပညာဆိုင်ရာ သုတ၊ ရသစာအုပ်များ မြဝတီမီဒီယာစင်တာစာကြည့်တိုက်သို့ ပေးအပ်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက အကယ်ဒမီများရှင် ဒါရိုက်တာ အလင်္ကာကျော်စွာစည်သူ ဦးကြည်စိုးထွန်းက ၎င်း၏ (၇၇)နှစ်မြောက် မွေးနေ့အလှူအဖြစ် အနုပညာဆိုင်ရာ သုတ၊ ရသစာအုပ်၊ စာစောင် ၁၅၇၅ အုပ်ကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာစီးပွားရေး ကော်ပိုရေးရှင်း၊ သတင်းနှင့် မီဒီယာလုပ်ငန်း(မြဝတီ)၏ စာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းရာ မြန်မာစီးပွားရေး ကော်ပိုရေးရှင်း၊ သတင်းနှင့် မီဒီယာလုပ်ငန်း(မြဝတီ)မှ ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး(ဦးစီး)နှင့် အရာထမ်းများတက်ရောက်၍ လက်ခံရယူခဲ့သည်။ **သတင်းစဉ်**



## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဘားအံမြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ဘားအံ ဒီဇင်ဘာ ၉**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဘားအံမြို့၌ ပြည်နယ်တရားလွှတ်တော်ရုံးသစ် ဆောက်လုပ်မည့်မြေနေရာ အပါအဝင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဒီဇင်ဘာ ၈ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ပြည်နယ် ဝန်ကြီးချုပ်သည် ဘားအံမြို့ အမှတ်(၁)ရပ်ကွက်ရှိ ယခင်စာပုံနှိပ်တိုက်ဟောင်းနေရာ၌ တရားစီရင်ရေးစနစ် မှန်ကန်မြန်ဆန်ပြီး ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်နိုင်ရေး၊ အဂတိလိုက်စားမှု ကင်းရှင်းရေးနှင့် တရားလွှတ်တော်အင်္ဂါရပ်များနှင့်အညီ ခံ့ညားထည်ဝါသည့် ပြည်နယ်တရားလွှတ်တော်ရုံးသစ် တည်ဆောက်နိုင်ရေးအတွက် ကြည့်ရှုစစ်ဆေးကာ မြေနေရာနှင့်ပတ်သက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့ အမှတ်(၂) ရပ်ကွက် ဆင်းကေရီလမ်းသွယ် မြေနိမ့်ပိုင်းတွင် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေထုတ်မြောင်းများ စနစ်တကျ ထည့်သွင်းဆောင်ရွက်ပေးနိုင်ရေး၊ သီရိမင်္ဂလာလမ်းတွင် ယခင်ကတ္တရာလမ်းမှ ကွန်ကရစ်ထပ်ပိုးလွှာခင်းနိုင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် အမှတ်(၃) ရပ်ကွက် ကမ်းနားလမ်း ညဈေးတန်းနေရာအနီး သံလွင်မြစ်အတွင်း၌ ကရင်သက္ကရာဇ် ၂၇၆၂ ခုနှစ် ကရင်နှစ်သစ်ကူးနေ့ အထိမ်းအမှတ် လှေလှော်ပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ထားမှုများနှင့် ပြိုင်ပွဲတွင် အသုံးပြုမည့် နဂါးလှေများ၊ ရိုးရာလှေများကို ကြည့်ရှုစစ်ဆေးပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ဒီဇင်ဘာ ၁၇ ရက်မှ ၁၈ ရက်အထိ တက် ၂၀ နဂါး လှေလှော်ပြိုင်ပွဲ၊ ခုနစ်တက်လှော်နှင့် ငါးတက်လှော် ရိုးရာလှေပြိုင်ပွဲများ ထည့်သွင်းကျင်းပနိုင်ရေး ပြင်ဆင် ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။(အပေါ်ပုံ)

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## စာအုပ်စာပေ လှူမိတ်ဆွေ

*❍ ကျောဖုံးမှ*

၂၀၁၉ ဖိလစ်ပိုင် ဆီးဂိမ်းပြိုင်ပွဲနှင့် ၂၀၂၁ ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတို့တွင် မပါဝင်ဘဲ ၂၀၂၃ ကမ္ဘောဒီးယားဆီးဂိမ်းပြိုင်ပွဲမှ တစ်ကျော့ပြန်ပါဝင်လာခြင်းဖြစ်သည်။ အိမ်ရှင်ကမ္ဘောဒီးယားနိုင်ငံ၏ ထုတ်ပြန်မှုအရ မြန်မာ့ရိုးရာအားကစားနည်းဖြစ်သည့် ခြင်းလုံးအားကစားနည်းကို ပိုက်ကျော်ခြင်းအားကစားနည်း ခေါင်းစဉ်အောက်တွင် ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ခြင်းလုံးအားကစားနည်းတွင် အမျိုးသားပြိုင်ပွဲ လေးမျိုး၊ အမျိုးသမီးပြိုင်ပွဲ လေးမျိုး၊ အမျိုးသား+အမျိုးသမီးပြိုင်ပွဲ လေးမျိုး၊ စုစုပေါင်း ၁၂ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။ သို့သော် ပြိုင်ပွဲဝင်နိုင်ငံများအနေဖြင့် ပြိုင်ပွဲအမျိုးအစားအားလုံး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်မဟုတ်ဘဲ အမျိုးသားပြိုင်ပွဲ လေးမျိုးအနက် နှစ်မျိုး၊ အမျိုးသမီးပြိုင်ပွဲ လေးမျိုးအနက် နှစ်မျိုး၊ အမျိုးသား+အမျိုးသမီးပြိုင်ပွဲ လေးမျိုးအနက် နှစ်မျိုး၊ စုစုပေါင်း ခြောက်မျိုးသာ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့သော်လည်း ၂၀၁၅ နှင့် ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲများသာ ကျင်းပခဲ့ခြင်းဖြစ်သည်။ လာမည့် ဆီးဂိမ်းပြိုင်ပွဲတွင်မူ အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲများအပြင် အမျိုးသား+အမျိုးသမီး ပြိုင်ပွဲများကိုပါ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

မြန်မာခြင်းလုံးလက်ရွေးစင် ကစားသမားများသည် လာမည့် ဆီးဂိမ်းပြိုင်ပွဲအတွက် နေပြည်တော်၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည်။ မြန်မာခြင်းလုံးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် ခြင်းလုံးအားကစားနည်း ပါဝင်သည့်အကြိမ်တိုင်း ရွှေတံဆိပ်ဆုများ ဆွတ်ခူးရယူနိုင်ခဲ့သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ - သော်ကြီး**

## သရက်မြို့၌ အလုပ်သမားရေးရာများ ပညာပေးဟောပြော

**သရက် ဒီဇင်ဘာ ၉**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနနှင့် လူမှုဖူလုံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အလုပ်သမားရေးရာ အသိပညာပေးဟောပြောပွဲကို အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း အမှတ်(၃၁) အကြီးစားစက်ရုံ စုပေါင်းခန်းမ၌ ဒီဇင်ဘာ ၉ ရက်က ပြုလုပ်သည်။

ဟောပြောပွဲတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသင်ခိုင်က ၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေအကြောင်းနှင့် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်နီနီခိုင်က လျော်ကြေးပြဿနာအကြောင်းကို ရှင်းလင်းဟောပြောခဲ့ကြောင်းသိရသည်။ **ဇော်ထက်(သရက်)**

# ကချင်ပြည်နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်မည့်ကျေးရွာများထံ ရန်ပုံငွေလွှဲပြောင်းပေးအပ်နိုင်ရေး လုပ်ငန်းညှိနှိုင်း

မြစ်ကြီးနား ဒီဇင်ဘာ ၉

**နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ကချင်ပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်မည့် ကျေးရွာများထံ ချေးငွေများကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ လွှဲပြောင်းပေးနိုင်ရေးအတွက် ပြည်နယ်အဆင့် ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၇ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။**(ယာပုံ)

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်စီးပွားမြှင့်တင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်မည့်ကျေးရွာများထံ အမြန်ဆုံး လွှဲပြောင်းသုံးစွဲနိုင်ရေးနှင့် အချိန်နှင့် တစ်ပြေးညီ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရေး ဝိုင်းဝန်းဆွေးနွေး ဆုံးဖြတ်သွားရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေက စီမံကိန်းလုပ်ငန်းများတွင် ချေးငွေများ လွှဲပြောင်းအပ်နှံနိုင်ရေးနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ကြပ်မတ်သုံးစွဲသွားရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ချေးငွေများကို ကျေးရွာကော်မတီများထံ လွှဲပြောင်းအပ်နှံသွားမည့် အစီအမံများ၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ထပ်မံရင်းနှီးမတည်ပေးနိုင်ရေး လုပ်ငန်းကဏ္ဍအလိုက် မြေပြင်ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအပေါ် သုံးသပ်တင်ပြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က မတည်လွှဲပြောင်းသွားမည့်ရန်ပုံငွေများကို လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ကြပ်မတ်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ငွေဆောင်နှင့် ချောင်းသာကမ်းခြေသို့ နိုဝင်ဘာလကုန်အထိ ခရီးသွားခုနစ်သိန်းကျော် ဝင်ရောက်ခဲ့

**ပုသိမ် ဒီဇင်ဘာ ၉**

ရောဝတီတိုင်းဒေသကြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တွေ့ဆုံပွဲ အခမ်းအနားနှင့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၂)ကို ဒီဇင်ဘာ ၇ ရက်က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။**(အောက်ပုံ)**

အစည်းအဝေးတွင် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ရောဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ရောဝတီတိုင်းဒေသကြီးရှိ ကမ်းခြေခရီးသွားလုပ်ငန်း ဖြစ်သော ငွေဆောင်နှင့် ချောင်းသာကမ်းခြေနှစ်ခုတွင် ၂၀၁၉ ခုနှစ်တွင် ခရီးသွားခြောက်သိန်းခွဲခန့် ဝင်ရောက်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် နိုဝင်ဘာလကုန်အထိ ခရီးသွား ခုနစ်သိန်းတစ်သောင်းကျော် ဝင်ရောက်ခဲ့ကြောင်း၊ ဒေသတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်တွင်းပြည်ပခရီးသွားများ ပိုမိုဝင်ရောက်လာစေရန်အတွက် ဟိုတယ်နှင့် တည်းခို ရိပ်သာများတွင်လည်း အကောင်းဆုံး ဝန်ဆောင်မှုများ ပေးခြင်း၊ ခရီးသွားဧည့်သည် ဆွဲဆောင်ရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ခရီးစဉ်အသစ်များ ဖော်ဆောင်ရန်အတွက်လည်း သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကမ်းခြေခရီးသွားလုပ်ငန်းနှင့်အတူ ခရီးသွားများ လာရောက် လည်ပတ်ရန်အတွက် ဆင်စခန်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထို့အတူ ဒေသထွက် ကုန်ကြမ်းများအပေါ် အခြေခံသည့် စားသောက်ကုန်များ၊ အမှတ်တရ လက်ဆောင်ပစ္စည်းများကို အဆင့်မြှင့်ထုတ်လုပ်၍ အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ပူးပေါင်းဆောင်ရွက်ကြရန်၊ လုပ်ငန်းရှင်များအနေဖြင့် မသန်စွမ်းသူများအတွက် အတားအဆီးမဲ့ ခရီးသွားလုပ်ငန်းဖော်ဆောင်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရန်၊ မိမိတို့ တိုင်းဒေသကြီးသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် တိုင်းဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးကို အခြေခံသည့် ခရီးသွားလုပ်ငန်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ထုတ်ဆောင်ရွက်ကြရန်နှင့် ဧည့်စာရင်း စီမံခန့်ခွဲမှုစနစ်ကို အပြည့်အဝ တပ်ဆင်သုံးစွဲနိုင်ရေးကိုလည်း ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော တိုင်းဒေသကြီးဝန်ကြီးများ၊ ကော်မတီဝင်များနှင့် ဌာနဆိုင်ရာများ၊ ခရီးသွားလုပ်ငန်းရှင်များက တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၂)ကို ပြုလုပ်ခဲ့ရာ လုပ်ငန်းလိုင်စင်အသစ် လျှောက်ထားတင်ပြလာသော ဟိုတယ်သုံးလုံး၊ အခန်းတိုးချဲ့ တည်ဆောက်ခွင့်ပြုရန် တင်ပြလာသော ဟိုတယ်သုံးလုံးတို့နှင့်ပတ်သက်၍ ကော်မတီကဆွေးနွေးဆုံးဖြတ်ခြင်း၊ တိုင်းဒေသကြီးအတွင်း ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်နိုင်ရေး ဆွေးနွေးခြင်း၊ ခရီးသွားနေရာများနှင့် ခရီးစဉ်ဒေသသစ်များကို အများပြည်သူ ကျယ်ပြန့်စွာ သိရှိနိုင်ရေး ရုပ်သံအစီအစဉ်များ ရိုက်ကူးထုတ်လွှင့်ရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**




■ *ကျောဖုံးမှ*

ထိုသို့ ပြေးဆွဲရာတွင် ဒီဇင်ဘာ ၁၁ ရက် ည ၈ နာရီတွင် အမှတ်(၈၁) အဆန်ရထားသည် ရန်ကုန်ဘူတာမှလည်းကောင်း၊ ဒီဇင်ဘာ ၁၂ ရက် ည ၈ နာရီတွင် အမှတ်(၈၂) အစုန်ရထားသည် မော်လမြိုင်ဘူတာမှလည်းကောင်း အသီးသီးစတင်ထွက်ခွာမည်ဖြစ်ပြီး ရန်ကုန်မှ ထွက်ခွာလာသည့်ရထားသည် မော်လမြိုင်ဘူတာကြီးသို့ နံနက် ၅ နာရီ၄၅ မိနစ်တွင် လည်းကောင်း၊ မော်လမြိုင်မှ ထွက်ခွာလာသည့်ရထားသည် ရန်ကုန်ဘူတာကြီးသို့ နံနက် ၅ နာရီ ၅၅ မိနစ်တွင်လည်းကောင်း ဆိုက်ရောက်ကြမည်ဖြစ်ပြီး ရန်ကုန်-မော်လမြိုင်-ရန်ကုန် အစုန်/အဆန် ညအမြန်ရထားများကို နေ့စဉ်ပြေးဆွဲသွားမည်ဖြစ်သည်။

ယင်းရထားများသည် လမ်းခရီး၌ ပေါင်ဘူတာ၊ သထုံဘူတာ၊ ပဲခူးဘူတာ၊ တိုးကြောင်ကလေး ဘူတာတို့တွင်သာ ရပ်တန့်သွားမည်ဖြစ်ပြီး ရန်ကုန်မှ မော်လမြိုင်သို့ ရထားပြေးဆွဲချိန်သည် ကိုးနာရီကျော်သာကြာမြင့်မည်ဖြစ်ကာ လက်မှတ်ခနှုန်းထားအနေဖြင့် တစ်ဦးလျှင် အထက်တန်း ကျပ် ၇၀၅၀၊ ရိုးရိုးတန်း ကျပ် ၃၅၅၀ ဖြစ်ကြောင်း သိရသည်။

"အခု လေအိတ်ရထားဖြစ်တဲ့အတွက် တွဲတွေသန့်ရှင်းသပ်ရပ်ပြီး ခရီးသည်တွေ လုံခြုံရေးအတွက် CCTV ကင်မရာတွေ တပ်ဆင်ထားပါတယ်။ ရိုးရိုးတန်း ခုနစ်တွဲ၊ အထက်တန်း ငါးတွဲ၊ ဘရိတ်တွဲ တစ်တွဲပါရှိပြီးတော့ အစုန်အဆန်ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်" ဟု မြန်မာ့မီးရထား (သွားလာရေး/တိုင်းရုံး)၊ တိုင်းအမှတ် (၈) မော်လမြိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**သန်းမင်းအောင် (သတင်းစဉ်)၊ ဓာတ်ပုံ - အာကာစိုး**

*** *ကျောဖုံးမှ***

"မန်းဒပ်စ်" သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်- အနောက်တောင်ဘက် ရေမိုင် ၇၆၀ မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၈၄၀ မိုင်ခန့်၊ သီရိလင်္ကာနိုင်ငံ ဂျက်ဖ်နာမြို့၏ မြောက်-အရှေ့မြောက်ဘက် ရေမိုင် ၁၄၀ မိုင်ခန့်နှင့် အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၇၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း "မန်းဒပ်စ်" ၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်း "မန်းဒပ်စ်" သည် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲအချိန်တွင် မြောက်လတ္တီကျု ၁၁ ဒသမ ၉ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၀ ဒသမ ၆ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၆ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၅၀ နှုန်းခန့် ဖြစ်သည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "မန်းဒပ်စ်" သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး (၁၀.၁၂.၂၀၂၂) ရက်နေ့ နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသောအင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေကိုပူဒူချယ်ရီမြို့နှင့် စရီဟာရီခိုတမြို့တို့အကြားမဟာဘာလီပူရမ်မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "မန်းဒပ်စ်" ၏အရှိန်ကြောင့် ယနေ့ညမှ နောက် ၂၄ နာရီအတွင်း စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း "မန်းဒပ်စ်"၏အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန်အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၉**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ သနပ္ပင်ဆိပ်အရှေ့ကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မြစကြာ ပရိယတ္တိစာသင်တိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ပုဗ္ဗာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓမ္မလောကကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ မွန်ပရိယတ္တိ စာသင်တိုက်နှင့် သာကေတမြို့နယ်ရှိ သုစိတ္တာလင်္ကာရ ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ယန်းကုန်း ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အလယ်ရွှေကျောင်း ကျောင်းတိုက်နှင့် မဟာအောင်မြေ မြို့နယ်ရှိ မစိုးရိမ်တိုက်သစ် ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဖားအောက်တောရ (ပင်မ) သာသနာ့ရိပ်သာ ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ မင်္ဂလာသုခပါဠိ တက္ကသိုလ် ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ သံလွန်းပရိယတ္တိစာသင်တိုက်နှင့် လားရှိုးမြို့နယ်ရှိ အရှေ့ခါးရိုးပရိယတ္တိ စာသင်တိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများနှင့် မိသားစုဝင်များအတွက် အသက်အာမခံနှင့် လူမှုဖူလုံရေးစနစ်ပံ့ပိုးကူညီမည်

**ရန်ကုန် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်က ကြီးမှူး၍ သင်္ဘောသားများနှင့် မိသားစုဝင်များအတွက် အသက်အာမခံနှင့် လူမှုဖူလုံရေးစနစ် ပံ့ပိုးကူညီမည့်လုပ်ငန်းစဉ်အကြောင်း ရှင်းလင်းပွဲကို ဒီဇင်ဘာ ၉ ရက်က ကျောက်တံတားမြို့နယ် ၃၇ လမ်းရှိ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများ အဖွဲ့ချုပ်ဥက္ကဋ္ဌ ကပ္ပတိန် စိုးမင်းအောင်က နိုင်ငံတကာ ပင်လယ်ပြင်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာသင်္ဘောသား ဦးရေမှာ လေးသောင်းကျော် ခန့်ရှိပြီး နိုင်ငံအတွက် နိုင်ငံခြားငွေရှာဖွေပေးသူများဖြစ်ကြောင်း၊ သို့သော်လည်း အငြိမ်းစားပင်စင်လစာမရှိသည့် ဝန်ထမ်းများဖြစ်ကြသဖြင့် နောင်ရေးအတွက် သင်္ဘောသားများနှင့် မိသားစုဝင်များသည် အသက် အာမခံနှင့် လူမှုဖူလုံရေး စနစ်တို့၏ ပံ့ပိုးမည့်လုပ်ငန်းစဉ်များကို ကြိုတင်သိရှိပြီး အဆိုပါစနစ်များတွင် ပါဝင်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်္ဘောသားများနှင့် မိသားစုဝင်များအတွက် သင်္ဘောသားအပန်းဖြေစခန်းထားရှိမည့်အစီအစဉ်များ၊ နိုင်ငံတကာမှလက်ခံလာသည့် အဖွဲ့အစည်းဖြစ်စေရန် ပြည်တွင်းပြည်ပမှ သင်္ဘောသားများ၏ လူမှုရေးလိုအပ်ချက်များကို ပံ့ပိုးနိုင်မည့် လုပ်ငန်းစဉ်ကို စီမံချက်ချ ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြန်လည်ရှင်းလင်းဖြေကြားသည်။

**မျိုးမင်းသူရ**



# ပင်လယ်ရေအောက်ဖိုင်ဘာကေဘယ်သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်သဖြင့် ရေကြောင်းသတိပေးချက်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၉**

ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှု လုပ်ငန်းလိုင်စင်(အထူး)နှင့် အပြည်ပြည်ဆိုင်ရာ ပင်မဝင်ပေါက်ထွက်ပေါက်လုပ်ငန်း လုပ်ကိုင်ခွင့်ကို ရရှိထားသည့် Campana Mythic Co.,Ltd သည် မြန်မာ-စင်ကာပူအပြည်ပြည်ဆိုင်ရာပင်လယ်ရေအောက် ဖိုင်ဘာကေဘယ်သွယ်တန်းခြင်းလုပ်ငန်းကို ရေအောက်ကေဘယ်ချခင်းသည့် သင်္ဘော CS.Nusantara Explorer ဖြင့် ပင်လယ်ကြမ်းပြင်ရှိ မြေဆိုင် ခဲများသောင်တူးခြင်းလုပ်ငန်း (Pre Lay Grapnel Run–PLGR)ကို ဆောင်ရွက်သွားမည့် တည်နေရာကို ဖော်ပြသည့် Coordinate များဖြစ်သော ၇-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၀၉ ဒီဂရီ ၃၈ ဒသမ ၉၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၅ ဒီဂရီ ၄၂ ဒသမ ၈၉၇ မိနစ်၊ ၈-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၉ ဒသမ ၁၈၆မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၂ ဒသမ ၉၅၃မိနစ်၊ ၉-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ၂၇ ဒသမ ၇၈၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၅၉ ဒသမ ၆၇၁ မိနစ်၊ ၁၀-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၈ ဒသမ ၈၄၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၁ ဒသမ ၅၀၆ မိနစ်၊ ၁၁-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၆ ဒသမ ၁၁၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃ ဒသမ ၅၁၇ မိနစ်။

၁၂-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၆ ဒသမ ၁၁၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃ ဒသမ ၅၁၇ မိနစ်နှင့် ကေဘယ် တပ်ဆင်ခြင်း၏ အဓိကလုပ်ငန်းအဆင့် (Main Lay)ကို ၁၃-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၆ ဒသမ ၁၁၃မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃ ဒသမ ၅၁၇ မိနစ်၊ ၁၄-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၆ ဒသမ ၁၁၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃ ဒသမ ၅၁၇ မိနစ်၊ ၁၅-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ ဒသမ ၆၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၁၉ ဒသမ ၈၆၈ မိနစ်၊ ၁၆-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ ဒသမ ၆၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၁၉ ဒသမ ၈၆၈ မိနစ်၊ ၁၇-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ ဒသမ ၄၉၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၂ ဒသမ ၄၇၉ မိနစ်၊ ၁၈-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ ဒသမ ၄၉၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၂ ဒသမ ၄၇၉ မိနစ်၊ ၁၉-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇ ဒသမ ၆၅၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၁ ဒသမ ၁၉ မိနစ်။

၂၀-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇ ဒသမ ၆၅၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၁ ဒသမ ၁၉ မိနစ်၊ ၂၁-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ ဒသမ ၂၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃ ဒသမ ၄၈၁ မိနစ်၊ ၂၂-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ ဒသမ ၂၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃ ဒသမ ၄၈၁ မိနစ်၊ ၂၃-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၆ ဒသမ ၆၁၂မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၀ ဒသမ ၆၉၉ မိနစ်၊ ၂၄-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၆ ဒသမ ၈၀၅ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃ ဒသမ ၇၃၅ မိနစ်၊ ၂၅-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၄ ဒသမ ၇၈၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၁၉ ဒသမ ၅၆၅ မိနစ်၊ ၂၆-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၄ ဒသမ ၂၆၆ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၁ ဒသမ ၉၃၁ မိနစ်၊ ၂၇-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၅ ဒသမ ၂၈၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၁၈ ဒသမ ၂၉၈ မိနစ်၊ ၂၈-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၅ ဒသမ ၀၄၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၀ ဒသမ ၅၂၃ မိနစ်၊ ၂၉-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၃ ဒသမ ၈၀၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၁၇ ဒသမ ၉၂၃ မိနစ်၊ ၃၀-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၂ ဒသမ ၅၆၆ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၁၉ ဒသမ ၉၀၃ မိနစ်၊ ၃၁-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၂ ဒသမ ၆၆၈မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၁၇ ဒသမ ၃၅၁ မိနစ်။

၁-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၁ ဒသမ ၀၅၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၁၉ ဒသမ ၀၂၂ မိနစ်၊ ၂-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၉ ဒသမ ၇၄၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၁၇ ဒသမ ၃၃၉ မိနစ် ၊ ၃-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၀ ဒသမ ၃၈၅မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၉ ဒသမ ၅၀၂ မိနစ်၊ ၄-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၉ ဒသမ ၆၇၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၁၁ ဒသမ ၉၃၈ မိနစ် ၊ ၅-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ၂၇ ဒသမ ၂၄၆ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၈ ဒသမ ၈၉၇မိနစ်၊ ၆-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၆ ဒသမ ၆၀၂မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၁၁ ဒသမ ၀၁၉ မိနစ်၊ ၇-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၄ ဒသမ ၂၄၁ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၇ ဒသမ ၅၅ မိနစ်၊ ၈-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၃ ဒသမ ၃၇၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၉ ဒသမ ၇၅ မိနစ်၊ ၉-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၁ ဒသမ ၅၀၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၅ ဒသမ ၁၂၃ မိနစ်။

၁၀-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၀ ဒသမ ၆၁၉မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၇ ဒသမ ၆၀၂ မိနစ်၊ ၁၁-၁-၂၀၂၃ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၉ ဒသမ ၀၈၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၂ ဒသမ ၉၇၈ မိနစ်၊ ၁၂-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၈ ဒသမ ၀၉၇မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၅ ဒသမ ၀၉၆ မိနစ်၊ ၁၃-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၇ ဒသမ ၁၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၁ ဒသမ ၉၄၂ မိနစ်၊ ၁၄-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၆ ဒသမ ၅၀၆ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၄ ဒသမ ၁၇၄ မိနစ်၊ ၁၅-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၃ ဒသမ ၄၅၆ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၁ ဒသမ ၁၆၂ မိနစ်၊ ၁၆-၁-၂၀၂၃ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၃ ဒသမ ၁၁၂ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၃ ဒသမ ၅၇၆ မိနစ်၊ ၁၇-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၈ ဒသမ ၈၄၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၁ ဒသမ ၅၀၆ မိနစ်၊ ၁၈-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၉ ဒသမ ၃၁၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၃ ဒသမ ၇၀၁ မိနစ် တို့အတွင်းတွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၈ ရက်အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတော်၏ သီးသန့်စီးပွားရေးဇုန်(Myanmar Exclusive Economic Zone)အတွင်း ၇-၁၂-၂၀၂၂ ရက်နေ့မှ ၁၂-၁၂-၂၀၂၂ ရက်နေ့အထိ Pre Lay Grapnel Run(PLGR) လုပ်ငန်းကိုလည်းကောင်း၊ ၁၃-၁၂-၂၀၂၂ ရက်နေ့မှ ၁၈-၁-၂၀၂၃ ရက်နေ့အထိ Main Lay ကေဘယ်တပ်ဆင်ခြင်း၏ အဓိကလုပ်ငန်းအဆင့်ကိုလည်းကောင်း ပင်လယ်ရေအောက်ဖိုင်ဘာ ကေဘယ်သွယ်တန်းခြင်း လုပ်ငန်းများကို ရက်အလိုက်ယှဉ်တွဲဖော်ပြပါ Coordinate နှစ်ခုကို ချိတ်ဆက်ဆောင်ရွက်မည့် လမ်းကြောင်းတစ်လျှောက်လုပ်ငန်း ဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာများမှ ၅၀၀ မီတာပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မိုဒီ ဂူဂျာရက်ပြည်နယ်တွင် မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိ

**နယူးဒေလီ ဒီဇင်ဘာ ၉**

အိန္ဒိယနိုင်ငံတွင် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲများကို ကျင်းပရာ ဝန်ကြီးချုပ် နာရန်ဒရာမိုဒီ၏ အာဏာရပါတီသည် ၎င်း၏ မွေးရပ်မြေဖြစ်သည့် ဂူဂျာရတ်ပြည်နယ်တွင် မဲအပြတ်အသတ်အနိုင်ရရှိကြောင်း သိရသည်။

အဆိုပါရလဒ်သည် ဝန်ကြီးချုပ်မိုဒီ၏ တတိယအကြိမ်မြောက် အနိုင်ရရှိရန်ရည်ရွယ်ချက်နှင့်အတူ ၂၀၂၄ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ မတိုင်မီ ၎င်း၏ ပါတီအတွက် ကြီးမားသည့် တိုးတက်မှုတစ်ခုအဖြစ် တွေ့မြင်ရသည်။



အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာ မိုဒီ

ဘာရာတီယာ ဂျနာတာ ပါတီသို့မဟုတ် ဘီဂျေပီသည် ဂူဂျာရတ်ပြည်နယ်အတွင်း ၈၅ ရာခိုင်နှုန်းကျော် နေရာယူထားသည်။ အဆိုပါအရေအတွက်မှာ ၁၉၄၇ ခုနှစ် အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရရှိသည့်အချိန်မှစကာ အနောက်နိုင်ငံသမိုင်းတွင် ပါတီထဲမှ အများဆုံးဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ကူညီရန် ရည်ရွယ်သည့် ၎င်းအစိုးရ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးမူဝါဒများကို မဲဆန္ဒရှင်များက အသိအမှတ်ပြုကြောင်း မိုဒီက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

## တိဘေးရီးယားမာရသွန်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ပေါင်း ၈၅၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်

**ဂျေရုဆလင် ဒီဇင်ဘာ ၉**

အစ္စရေးနိုင်ငံအရှေ့မြောက်ပိုင်း ဂါလိလဲပင်လယ်ကမ်းခြေတစ်လျှောက်တွင် (၄၅) ကြိမ်မြောက် တိဘေးရီးယားမာရသွန်ပြိုင်ပွဲကို ဒီဇင်ဘာ ၉ ရက်က ကျင်းပရာ နိုင်ငံနှင့် ဒေသ ၃၁ ခုမှ အားကစားသမား ၈၅၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အစ္စရေးနိုင်ငံမှ ဒေးဗစ်တာချီဝသည် အမျိုးသားပြိုင်ပွဲတွင် ၂ နာရီနှင့် ၁၃ မိနစ်ဖြင့် အနိုင်ရရှိပြီး အစ္စရေးနိုင်ငံသူ ဘီတီဒွက်ရှ်သည် အမျိုးသမီးမာရသွန်ပြိုင်ပွဲတွင် ၂ နာရီ ၄၁ မိနစ် ၂၀ စက္ကန့်ဖြင့် အနိုင်ရရှိသည်။

အမျိုးသားတစ်ဝက်မာရသွန်ပြိုင်ပွဲတွင် အနိုင်ရရှိသူများမှာ အစ္စရေး အိုလံပစ်ပြိုင်ပွဲဝင် ဟီမရို အလိုင်းနှင့် ယင်းနိုင်ငံသား ဂစ်ဟူအရိုင်လီတို့သည် ၁ နာရီ ၀၂ မိနစ် ၃၈ စက္ကန့်ဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ၁၀ ကီလိုမီတာနှင့် ၅ ကီလိုမီတာ အပြေးပြိုင်ပွဲများ ပါဝင်ကြောင်း သိရသည်။

**ဆင်ဟွာ**



## ရှားပါးသည့် အာရုံကြောဆိုင်ရာရောဂါ ခံစားနေရကြောင်း စီလင်းဒီယွန် ထုတ်ဖော်ပြောကြား

**ပါရီ ဒီဇင်ဘာ ၉**

အောင်မြင်ကျော်ကြားလှသည့် အမျိုးသမီးပေါ့အဆိုတော် တစ်ဦးဖြစ်သော စီလင်းဒီယွန်သည် ၎င်း၌ ရှားပါးသည့် အာရုံကြောဆိုင်ရာရောဂါ ခံစားနေရကြောင်း၊ အဆိုပါရောဂါကြောင့် ကြွက်သားများကျုံ့ခြင်းနှင့် ၎င်း၏ သီဆိုမှုကို အနှောင့်အယှက်ဖြစ်စေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဒီဇင်ဘာ ၈ ရက်က အင်စတာဂရမ်တွင် တင်ထားသည့်ဗီဒီယိုဖိုင်၌ စီလင်းဒီယွန်က ၎င်း၏ ရောဂါမှာ လူပေါင်းတစ်သန်းတွင် တစ်ဦးသာ ခံစားရသည့်ရှားပါးသောရောဂါဖြစ်ကြောင်း ပြောခဲ့သည်။ ကြွက်သားများ ရုတ်တရက်ကျုံ့ခြင်းကြောင့် ၎င်း၏နေ့စဉ်လှုပ်ရှားမှု ဘဝကို ထိခိုက်စေပြီး တစ်ခါတစ်ရံ လမ်းလျှောက်ရာတွင် ပင် ခက်ခဲကြောင်း၊ သီချင်းသီဆိုရာတွင်လည်း ထိခိုက်ခံစားရကြောင်း စီလင်းဒီယွန်က ပြောသည်။



စီလင်းဒီယွန်ကို ၂၀၁၉ ခုနှစ်က ပါရီမြို့၌ တွေ့ရစဉ်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီနှင့် ဧပြီလတို့တွင်ပြုလုပ်မည့် ၎င်း၏ ဖျော်ဖြေပွဲများကိုလည်း တစ်နှစ် ရွှေ့ဆိုင်းလိုက်ကြောင်း ကြေညာခဲ့သည်။ နွေရာသီအတွက် စီစဉ်ထားသည့်ပွဲများကိုလည်း ဖျက်သိမ်းခဲ့ရသည်။

အဆိုပါရောဂါမှာ ရှားပါးပြီး အချိန်ကြာလာသည်နှင့် အခြေအနေ ဆိုးလာနိုင်သည့် ရောဂါမျိုးဖြစ်ကြောင်း အာရုံကြောချို့ယွင်းမှုများနှင့် လေဖြတ်ခြင်းဆိုင်ရာ အမေရိကန် အမျိုးသားအင်စတီကျုက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၄၃ ဦး ထပ်မံတွေ့ရှိ

**စင်ကာပူ ဒီဇင်ဘာ ၉**

စင်ကာပူနိုင်ငံ၌ ဒီဇင်ဘာ ၉ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၁၃၄၃ ဦး တွေ့ရှိသဖြင့် အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၂၁၇၉၀၄၄ဦး ရှိလာပြီဖြစ်သည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးရုံတက်ရောက်ကုသမှုခံယူနေသူပေါင်း ၁၃၇ ဦးရှိပြီး ငါးဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေကြောင်း နိုင်ငံ၏ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ဒီဇင်ဘာ ၉ ရက်တွင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ မရှိသော်လည်း အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၁၇၀၇ ဦးရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## လာနီညာ ဆက်လက်ဖြစ်ပွားမှုကြောင့် ဆီးနှင်းများ ထူထပ်စွာကျဆင်းနိုင်ကြောင်း ဂျပန်မိုးလေဝသပညာရှင်များ သတိပေး

**တိုကျို ဒီဇင်ဘာ ၉**

ယခုနှစ်ဆောင်းရာသီကာလတွင် လာနီညာဖြစ်စဉ်ကြောင့် ဂျပန်နိုင်ငံတွင် ဆီးနှင်းများ ထူထပ်စွာ ကျဆင်းနိုင်ကြောင်း ဂျပန်မိုးလေဝသပညာရှင်များက သတိပေးထားသည်။ လွန်ခဲ့သည့် တစ်နှစ်ကျော်မှ အစပြုခဲ့သည့် လာနီညာသည် ဆက်လက်ဖြစ်ပွားနေဟန်ရှိကြောင်း ဒီဇင်ဘာ ၉ ရက်တွင် မိုးလေဝသဌာနက ပြောသည်။

### ကမ္ဘာ့အနှံ့ရှိ ရာသီဥတုကို သက်ရောက်နိုင်ခြေရှိ

ပီရူးနိုင်ငံအနီး အီကွေတာအရှေ့ပိုင်း ပစိဖိတ်သမုဒ္ဒရာရှိ ရေမျက်နှာပြင်သည် ပုံမှန်ထက်ပို၍ နိမ့်ဆင်းလာသည့်အတွက် ယခုလို ပုံစံဖြစ်ရခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်ကြောင့် ကမ္ဘာ့အနှံ့ရှိ ရာသီဥတုကို သက်ရောက်နိုင်ခြေရှိသည်ဟု ယူဆရသည်။

လာနီညာ ဖြစ်ပေါ်လာရသည့်အခါ ဂျပန်နိုင်ငံ၏ ရာသီဥတုမှာ ပုံမှန်ထက်ပို၍ အေးလာပြီး ဂျပန်ပင်လယ် ကမ်းရိုးတန်း တစ်လျှောက် ဆီးနှင်းများ ထူထပ်စွာ ကျဆင်းလာနိုင်သည်။

### ဆီးနှင်းများ စံချိန်တင်ကျဆင်း

၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပင်လယ် ကမ်းရိုးတန်းဒေသ၌ ဆီးနှင်းများ စံချိန်တင် ကျဆင်းခဲ့ကာ အနောက်ပိုင်း ရှီဂါခရိုင်၌ ဆီးနှင်းများကြောင့် ကားများ လမ်းပိတ်ခဲ့ပြီး နှစ်ကီလိုမီတာ အကွာအဝေးရှိသည့် ကားတန်းရှည်ကြီး ဖြစ်ပေါ်ခဲ့ရသည်။

ဆောင်းတွင်း တစ်လျှောက် ဂျပန်နိုင်ငံ အရှေ့ပိုင်းနှင့်အနောက်ပိုင်းတို့တွင် ဆီးနှင်းများ ထူထပ်စွာ ကျဆင်းနိုင်ကြောင်း မိုးလေဝသ အေဂျင်စီမှ အရာရှိတစ်ဦးဖြစ်သူ အိုအီကာဝါ ယိုရှိနိုရိက ပြောသည်။

### ပြည်သူများကို တိုက်တွန်း

မိုးလေဝသ အေဂျင်စီမှာ အသစ်ထုတ်ပြန်သည့် သတင်းအချက်အလက်များကို နားစွင့်ထားပြီး ဆီးနှင်းများ ထူထပ်စွာ ကျဆင်းနိုင်မှုအတွက် ပြင်ဆင်ထားကြရန် ၎င်းက ပြည်သူများကို တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**



၂၀၂၁ ခုနှစ် ဆီးနှင်းများ ကျဆင်းမှုကြောင့် ကားတန်းရှည်ကြီးဖြစ်နေသည်ကို တွေ့ရစဉ်။

# ပထမဆုံး ပြည်တွင်းထုတ် ကိုဗစ်-၁၉ ဆေးကြောင့် ရောဂါကို အထိရောက်ဆုံး ကာကွယ်သွားနိုင်တော့မယ့် ဂျပန်နိုင်ငံ

လင်းဟန်သစ်

ဂျပန်နိုင်ငံဟာ သူ့ရဲ့ပထမဆုံးပြည်တွင်းထုတ် ကိုဗစ်-၁၉ ကာကွယ်ကုသဆေးဖြစ်တဲ့ ဇိုကိုဗာကို ဖြန့်ချိလိုက်ပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းမှာ ဖော်ပြလိုက်ပါတယ်။ ဒီဆေးကို နိုဝင်ဘာလနှောင်းပိုင်းမှာ ကိုဗစ်-၁၉ ရောဂါ ကုသဖို့ ဂျပန် ကျန်းမာရေးဝန်ကြီးဌာနက အရေးပေါ်အသုံးပြုခွင့်ပေးလိုက်ပြီးနောက် အခုလိုဖြန့်ချိလိုက်တာပဲဖြစ်ပါတယ်။ ဒါဟာ ဂျပန်နိုင်ငံအတွက်တော့ သတင်းကောင်းတစ်ခုပဲဖြစ်ပါတယ်။ ပြည်တွင်းထုတ် ကိုဗစ်-၁၉ ဆေးကို ဖြန့်ချိလိုက်တဲ့အတွက် ဂျပန်ပြည်သူတွေအနေနဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကို အထိရောက်ဆုံးကာကွယ်မှုတွေ၊ ကုသမှုတွေ လုပ်ဆောင်နိုင်တော့မှာဖြစ်ပါတယ်။

**သောက်ဆေးဖြစ်ပြီး ဘေးကင်းစိတ်ချရ**

ရှီအိုနိုဂီဆေးဝါးကုမ္ပဏီက ထုတ်လုပ်လိုက်တဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေး ဇိုကိုဗာဟာ သောက်ဆေးအမျိုးအစားဖြစ်ပြီး ဘေးကင်းစိတ်ချရတယ်လို့ ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုထားပါတယ်။ ဒီဆေးဟာ အသက် ၁၂ နှစ်အထက်ရှိသူတွေကို ကုသတဲ့နေရာမှာ ထိရောက်မှုရှိမှာဖြစ်ပါတယ်။

ဒီဆေးဟာ ကိုဗစ်-၁၉ အပျော့စားလက္ခဏာတွေကို ကောင်းစွာ သက်သာစေမှာ ဖြစ်ပါတယ်။ စမ်းသပ်မှုများအရ ဒီဆေးဟာ ၂၄ နာရီအတွင်း ရောဂါလက္ခဏာကို သက်သာစေကြောင်း လက်တွေ့ပြသခဲ့ပါတယ်။ ဒီဆေးကို တစ်နေ့တစ်ကြိမ်နဲ့ ငါးရက်ဆက်သောက်ရမှာ ဖြစ်ပါတယ်။ လူနာအများစုကတော့ သုံးရက်အတွင်းမှာ ရောဂါလက္ခဏာ ပြကြပါတယ်။

**ရွေးချယ်မှုပိုမိုလုပ်နိုင်မယ်**

အခုချိန်အထိ ဂျပန်ဆေးရုံတွေနဲ့ ဆေးခန်းတွေဟာ ပြည်ပက တင်သွင်းတဲ့ အရည်အသွေးစိတ်ချရတဲ့ ကိုဗစ်-၁၉ ဆေးဝါးတွေကိုသာ အားထား မှီခိုနေရပါတယ်။ ပြည်တွင်းထုတ် ဇိုကိုဗာဆေးကို တဖြည်းဖြည်း ထောက်ပံ့ပေးနိုင်ခြင်းအားဖြင့် ကိုဗစ်-၁၉ ရောဂါကို ကုသတဲ့နေရာမှာ ရွေးချယ်မှု ပိုမိုလုပ်လာနိုင်မှာဖြစ်ပါတယ်။

အိုင်ချီဆေးဘက်ဆိုင်ရာတက္ကသိုလ်မှ ဒေါ့်ပါမောက္ခ မိုရီရှီမာဆူနီယိုက ဆေးရဲ့ အရေးပါမှုဟာ အန္တရာယ်နည်းတဲ့အမျိုးအစားမှာရှိတဲ့သူတွေကို ပေးတဲ့အပေါ်လည်း မူတည်နေတယ်လို့ ပြောကြားလိုက်ပါတယ်။

**ကိုဗစ်-၁၉ ဟာ ရောဂါအခံရှိသူတွေကို အခြေအနေပိုဆိုးစေ**

အိုမီခရွန်မျိုးကွဲနဲ့အတူ ကပ်ရောဂါသေဆုံးနှုန်းဟာ ကျဆင်းလာခဲ့တယ်လို့ မိုရီရှီမာဆူနီယိုက မှတ်ချက်ပြုပြောကြားခဲ့ပါတယ်။




ကိုဗစ်-၁၉ ကုသရာတွင် အသုံးပြုသည့် ဇိုကိုဗာ ကိုဗစ်-၁၉ ရောဂါ သောက်ဆေး။

သို့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါဟာ ရောဂါအခံရှိသူတွေကို အခြေအနေ ပိုမို ဆိုးရွားစေပြီး တုပ်ကွေးထက်ကို သေဆုံးနှုန်း ပိုမိုများပြားစေတယ်လို့ ၎င်းက ဆက်ပြောပါတယ်။

တခြားနိုင်ငံတွေထက် ဂျပန်နိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှုန်း နည်းပါးကြောင်း ၎င်းက ဆက်လက်ထောက်ပြ ပြောဆိုခဲ့ပါတယ်။ ကိုဗစ်-၁၉ ဟာ နေ့စဉ်လူနေမှုဘဝကို ခြိမ်းခြောက်လျက်ရှိသော်လည်း ကျန်းမာရေးနည်းလမ်းများအတိုင်း လိုက်နာနေထိုင်မယ်ဆိုပါက ရောဂါကူးစက်ဖြစ်ပွားမှုဒဏ်က ကာကွယ်နိုင်မှာဖြစ်ပါတယ်။




ဂျပန်နိုင်ငံက ပထမဆုံး ပြည်တွင်းထုတ် ကိုဗစ်-၁၉ရောဂါ ကာကွယ်ကုသဆေးဖြစ်သည့် ဇိုကိုဗာကို ထုတ်လုပ်ဖြန့်ချိသည့် ရှီအိုနိုဂီ ဆေးဝါးကုမ္ပဏီ။

**ဆေးရဲ့ဘေးထွက်ဆိုးကျိုးအလွန်နည်း**

တိုကျိုမြောက်ပိုင်း ဆိုင်တာမာခရိုင်ရှိ ဆေးခန်းတစ်ခုကတော့ ကိုဗစ်-၁၉ လူနာကို ဇိုကိုဗာ ကိုဗစ်-၁၉ ဆေးပေးနေပြီဖြစ်ပါတယ်။ အဲဒီဆေးခန်းက ဆရာဝန်တစ်ဦးက လည်ချောင်းနာရောဂါနဲ့ ချောင်းဆိုး ခြင်းအတွက် အဲဒီဆေးကို လူငယ်တွေနဲ့ ရောဂါအခံရှိတဲ့ နာတာရှည် ဝေဒနာသည်တွေက လိုချင်ကြောင်း ပြောခဲ့ပါတယ်။ သို့သော်လည်း ဒီဆေးရဲ့ ထိရောက်မှုကို ပြောဖို့စောလွန်းနေသေးတယ်လို့ ၎င်းက ပြောကြားလိုက်သော်လည်း ဆေးရဲ့ဘေးထွက်ဆိုးကျိုးကတော့ အတော်နည်းတယ်လို့ ပြောပါတယ်။

**ဆေးကုမ္ပဏီနဲ့ စာချုပ်ချုပ်**

ကျန်းမာရေးဝန်ကြီးဌာနဟာ ပြည်သူတစ်သန်းကို ကုသဖို့ လိုအပ်တဲ့ ကိုဗစ်-၁၉ ဆေးတွေရရှိဖို့ ရှီအိုနိုဂီဆေးကုမ္ပဏီနဲ့ စာချုပ်ချုပ်ခဲ့ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနဟာ လာမယ့်သီတင်းပတ်မှာ ဒီဆေးကို နိုင်ငံ တစ်ဝန်းဖြန့်ချိနိုင်ဖို့ စီစဉ်လျက်ရှိပါတယ်။

ရှီအိုနိုဂီဟာ ဒီဆေးကို ထုတ်လုပ်နိုင်ဖို့ ဂျပန်နိုင်ငံနဲ့ တခြားနိုင်ငံ နှစ်ခုမှာ ဖေဖော်ဝါရီလမှ ဇူလိုင်လလယ်အထိ လူနဲ့စမ်းသပ်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ရှီအိုနိုဂီဟာ ဒီဆေးကို အသက် ၁၂ နှစ်မှ ၆၀ ကြားရှိ လူပေါင်း ၁၈၂၁ ဦးနဲ့ စမ်းသပ်ခဲ့တာဖြစ်ပါတယ်။ စမ်းသပ်မှုမှာ အပျော့စားနဲ့ အလယ်အလတ်စားကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူတွေ ပါဝင်ပါတယ်။

**ဆေးရဲ့ရလဒ်က ထိရောက်မှုရှိ**

စက်တင်ဘာနှောင်းပိုင်းမှာတော့ ရှီအိုနိုဂီဆေးကုမ္ပဏီက ဒီဆေးရဲ့ ရလဒ်က ထိရောက်မှုရှိတယ်လို့ ကြေညာခဲ့ပါတယ်။ ဒီဆေးဟာ ကိုဗစ်-၁၉ ရောဂါလက္ခဏာတွေကို လျော့ပါးသက်သာစေပြီး ရောဂါခံစားရတဲ့ ကာလကိုလည်း တိုစေတယ်လို့ ပြောကြားလိုက်ပါတယ်။

ဒီဆေးနဲ့ ပတ်သက်ပြီး ဘေးထွက်ဆိုးကျိုးမရှိဘူးလို့ ကုမ္ပဏီ က ပြောပါတယ်။ ဒီဆေးဟာ BA.5 အိုမီခရွန် ဗီဇပြောင်းမျိုးကွဲ အပါအဝင် ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါများကို ကုသနိုင်စွမ်းရှိကြောင်း ကုမ္ပဏီက ပြောကြားလိုက်ပါတယ်။ ဒီဆေးကို အခုနှစ်မှစပြီး ဂျပန်နိုင်ငံတစ်ဝန်းမှာ ရောင်းချဖို့ သဘောတူညီချက် ရထားပါတယ်။ ။

ကိုးကား-အင်န်အိတ်ချ်ကေ

**ရှီအိုနိုဂီဆေးကုမ္ပဏီက ဒီဆေးရဲ့ ရလဒ်က ထိရောက်မှုရှိတယ်လို့ ကြေညာခဲ့ပါတယ်။ ဒီဆေးဟာ ကိုဗစ်-၁၉ ရောဂါလက္ခဏာတွေကို လျော့ပါးသက်သာစေပြီး ရောဂါခံစားရတဲ့ ကာလကိုလည်း တိုစေတယ်လို့ ပြောကြားလိုက်ပါတယ်။ ဒီဆေးနဲ့ ပတ်သက်ပြီး ဘေးထွက်ဆိုးကျိုးမရှိဘူးလို့ ကုမ္ပဏီက ပြောပါတယ်။ ဒီဆေးဟာ BA.5 အိုမီခရွန် ဗီဇပြောင်းမျိုးကွဲအပါအဝင် ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါများကို ကုသနိုင်စွမ်းရှိကြောင်း ကုမ္ပဏီက ပြောကြားလိုက်ပါတယ်**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉ ဦးတွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၇) ရာခိုင်နှုန်းရှိ

(၉-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၈-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၁၀၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၉) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၁၉,၁၇၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၄၀၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၉၃၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် ၂၄ ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုပ်ပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၀၅ | ၁၈၅၀ | ၁၈၄၅ | ၁၈၁၅ | ၁၈၅၀ | ၁၈၇၅ | ၁၈၆၀ | ၁၈၃၅ | ၁၉၃၀ | ၁၉၄၅ | ၁၈၄၅ | ၁၈၅၀ | ၁၈၈၅ | ၁၈၉၀ | ၁၈၉၀ | ၂၁၁၀ | ၂၉၂၀ |
| 95 Ron | ၁၈၉၅ | ၁၉၄၅ | ၁၉၄၀ | ၁၉၀၅ | ၁၉၄၀ | ၁၉၆၅ | ၁၉၅၀ | ၁၉၃၀ | ၂၀၂၀ | ၂၀၄၀ | ၁၉၃၅ | ၁၉၅၀ | ၁၉၈၀ | ၁၉၈၀ | ၁၉၈၀ | ၂၂၀၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၁၈၅ | ၂၂၃၀ | ၂၂၂၅ | ၂၁၉၅ | ၂၂၃၀ | ၂၂၅၀ | ၂၂၅၀ | ၂၂၁၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၂၀ | ၂၂၃၀ | ၂၂၆၅ | ၂၂၆၅ | ၂၂၇၀ | ၂၄၉၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၂၆၀ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၀၅ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၀၀ | ၂၃၁၀ | ၂၃၄၅ | ၂၃၄၅ | ၂၃၄၅ | ၂၅၆၅ | ၃၆၇၀ |
| HSD (10 ppm) | ၂၂၆၀ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၀၅ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၀၀ | ၂၃၁၀ | ၂၃၄၅ | ၂၃၄၅ | ၂၃၄၅ | ၂၅၆၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၁၃ | ၁၇၈၁ |
| 95 Ron | ၁၈၀၂ | ၁၈၇၁ |
| HSD (500 ppm) | ၂၀၈၂ | ၂၁၅၃ |
| HSD (50 ppm) | ၂၁၅၅ | ၂၂၂၈ |
| HSD (10 ppm) | ၂၁၅၅ | ၂၂၂၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မြိတ်ကျွန်းစုဒေသ ခရီးသွားဧည့်သည်များကြား နာမည်ကြီးသည့် စမတ်ကျွန်းသို့ အလည်တစ်ခေါက်

**တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုဒေသမှ ကျွန်းများသည် သဘာဝအနေအထား၊ သဘာဝအလှများ၊ အစီအရီ ရေပေါ်အိမ်လေးများ၊ ဒေသခံများ၏ တံငါလုပ်ငန်းနှင့် ရေပေါ်ရေအောက်ကျောက်ဆောင်ကျောက်တန်းများ၊ သဘာဝငါးမျိုးစိတ်ပေါင်းများစွာနှင့် သဘာဝအလျောက်ပေါက်ရောက်နေသော ဒီရေတောများကြောင့် ခရီးသွားများအတွက် စိတ်ဝင်စားဖွယ်ခရီးစဉ်တစ်ခုဖြစ်ကာ မြိတ်ကျွန်းစုဒေသအတွင်း ကျွန်းပေါင်း ၈၀၀ ကျော် ရှိသည့်အနက် ပြည်တွင်းသာမက ပြည်ပခရီးသွားများကြားမှာပါ နာမည်ကြီးသောကျွန်းတစ်ကျွန်းမှာ စမတ်ကျွန်းဖြစ်သည်။**

မြင့်ဦး(မြိတ်)

ကျွန်းစုမြို့နယ်အတွင်း၌ တည်ရှိသည့် စမတ်ကျွန်းသည် မြိတ်မြို့မှ ရေမိုင် ၅၁ မိုင် ခန့်ကွာဝေးပြီး ခရီးသွားများအနေဖြင့် Speed Boat ဖြင့်သွားလျှင် Speed Boat အမျိုးအစားပေါ်မူတည်ကာ နှစ်နာရီကျော် ကြာမည်ဖြစ်သည်။

စမတ်ကျွန်း၏ မြေရေိယာအကျယ် ၅၄၅ ဒသမ ၀၆ ဧကအတွင်း သဘာဝအလျောက်ပေါက်သော အမြဲစိမ်းသစ်တောကြီးများရှိကာ ထိုသစ်တောကြီးအတွင်း ရေချိုများလည်းထွက်ရှိသည်။ သစ်ပင်ကြီးများသည် သက်တမ်းကြာမြင့်စွာရှင်သန်နေကြပြီး သဘာဝတောပန်းလေးများက ကျွန်းကို အလှဆင်ထားသလို ဖြစ်နေသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် စမတ်ကျွန်းသည် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ အလွန်သဘောကျရာနေရာ၊ စိတ်အပန်းဖြေစရာ နေရာတစ်ခုလည်း ဖြစ်သည်ကို တွေ့ရသည်။

### မပါမဖြစ် ဆွဲရတဲ့ခရီးစဉ်

မြိတ်ခရိုင်ရှိ ခရီးသွားအေဂျင်စီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက "စမတ်ကျွန်းခရီးစဉ်က မပါမဖြစ်ဆွဲရတဲ့ခရီးစဉ်တစ်ခုပါ။ မြိတ်ကျွန်းစုအတွင်းမှာရှိတဲ့ ဘောလီ၊ ကြယ်လိပ်နဲ့ စမတ်ကျွန်းက ခရီးသွားတွေအများဆုံးစိတ်ဝင်စားတဲ့ ကျွန်းတွေပါ။ အဲဒီအထဲက စမတ်ကျွန်း (ခ) ပါပန့်ကျွန်းက အထူးခြားဆုံးပါ။ တစ်ဖက်ကမ်းခြေက ကျောက်စရစ်ကမ်းခြေ၊ နောက်တစ်ဖက်က ဖြူဖွေးနေတဲ့ သဲသောင်ကမ်းခြေဖြစ်ပါတယ်၊ ကမ်းခြေမှာလည်း လှပပြီးထူးခြားနေတဲ့ ကျောက်စွယ်တွေ၊ တိုးလျှိုးပေါက်ဂူတွေ၊ ကျောက်ဆောင်တွေက ခရီးသွားတွေကို ဆွဲဆောင်နိုင်ပါတယ်၊ တစ်ကမ္ဘာလုံးမှာတောင် လက်ချိုးရေတွက်လို့ရတဲ့ကျွန်းမျိုးပါ၊ မြိတ်ကျွန်းစုအတွင်းမှာဆိုရင် တစ်ခုတည်းရှိတာပါ၊ ခရီးသွားလုပ်ငန်းဖော်ဆောင်ဖို့နဲ့ ကျွန်းရဲ့သဘာဝအလှအပတွေကိုထိန်းသိမ်းဖို့လိုအပ်ပါတယ်" ဟု ပြောသည်။

စမတ်ကျွန်းသည် အရှေ့တောင်အာရှ၌ တစ်ခုတည်းသော ကျောက်စရစ်ကျွန်းဖြစ်ပြီး အာရှအနေဖြင့် နှစ်ခုတည်းသာရှိသော ကျောက်စရစ်ကျွန်းဖြစ်ကြောင်း သိရသည်။ ကျွန်း၏ ထူးခြားမှုမှာ ကမ်းခြေနှစ်ဖက်ရှိပြီး ကမ်းခြေတစ်ဖက်မှာ ကျောက်စရစ်၊ တစ်ဖက်ကမ်းခြေက သဲဖြစ်နေဖြင့် ကမ်းခြေနှစ်ဖက်စလုံး သဘာဝအလှအပများဖြင့် ပြည့်စုံနေသောကျွန်းဖြစ်သည်။

### ပုဂ္ဂလိကကဏ္ဍဖြင့် ဆောင်ရွက်သင့်

မြိတ်ကျွန်းစုအတွင်းသို့ လာရောက်လည်ပတ်ခဲ့သည့် ခရီးသွားတစ်ဦးကလည်း "စမတ်ကျွန်းမှာ ခရီးသွားလုပ်ငန်း ပိုပြီးဖွံ့ဖြိုးစေချင်ရင် ပုဂ္ဂလိကလုပ်ငန်းတွေကို လွှဲအပ်ပေးသင့်တယ်လို့ထင်တယ်၊ အရင်အစိုးရလက်ထက်က ဌာနဆိုင်ရာကပဲ ထိန်းသိမ်းထားပြီး လိုအပ်တဲ့ အပြင်အဆင် ဝန်ဆောင်မှုတွေ မလုပ်ပေးထားလို့ ကျွန်းက လှပပေမယ့် ထင်ရှားကျော်ကြားလာခြင်းမရှိဘူး၊ ဒီအတိုင်း ကျွန်းပတ်ကြည့်ရုံနှင့် မပြီးပါဘူး။ ကျွန်းကို အမြဲတစေ ထိန်းသိမ်းထားဖို့၊ ကျွန်းပေါ်မှာ ခရီးသည်တွေ သက်သောင့်သက်သာ အနားယူမယ့်နေရာတွေ၊ စနစ်တကျအမှိုက်စွန့်ပစ်ဖို့နေရာတွေနဲ့ သဘာဝပတ်ဝန်းကျင်ကိုဖျက်ဆီးမယ့်သူတွေကို စောင့်ကြည့်မယ့် ဝန်ထမ်းတွေ စသဖြင့်အများကြီးလိုပါတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို ငှားရမ်းမယ်၊ လွှဲပြောင်းပေးထားမယ်ဆိုရင် ထိန်းသိမ်းမှုပိုမိုအားကောင်းလာမှာဖြစ်သလို ကျွန်းနဲ့ပတ်သက်ပြီး ကြော်ငြာတွေနဲ့ ခရီးသည်တွေ ဒီထက်ပိုမိုဝင်ရောက်လာမှာဖြစ်ပါတယ်" ဟု ၎င်း၏အမြင်ကို ပြောသည်။



စမတ်ကျွန်းသို့ လာရောက်လည်ပတ်ကြသည့် ပြည်တွင်း၊ ပြည်ပခရီးသွားများ။



စမတ်ကျွန်းကမ်းခြေ၌ အပန်းဖြေလည်ပတ်နေသူများ။

> " ရှားပါးပြီး ထူးခြားလှသည့် ကျွန်းပေါ်ရှိ ကျောက်စရစ်များကို ခရီးသွားအချို့က ကောက်ယူသွားလေ့ရှိသဖြင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများနှင့် ဧည့်လမ်းညွှန်များက ခရီးစဉ်တစ်လျှောက် သတိပေးတားမြစ်မှုများ လုပ်ဆောင်ပေးနေရကြောင်း၊ ပုဂ္ဂလိက လုပ်ငန်းများကို ဝန်ဆောင်မှုများ လုပ်ပိုင်ခွင့်ပေးထားပါက ထိန်းသိမ်းမှု ပိုမိုအားကောင်းမည် "

ရှားပါးပြီး ထူးခြားလှသည့် ကျွန်းပေါ်ရှိ ကျောက်စရစ်များကို ခရီးသွားအချို့က ကောက်ယူသွားလေ့ရှိသဖြင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများနှင့် ဧည့်လမ်းညွှန်များက ခရီးစဉ်တစ်လျှောက် သတိပေးတားမြစ်မှုများ လုပ်ဆောင်ပေးနေရကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းများကို ဝန်ဆောင်မှုများလုပ်ပိုင်ခွင့်ပေးထားပါက ထိန်းသိမ်းမှုပိုမိုအားကောင်းမည်ဖြစ်ကြောင်း သိရသည်။

### လူသိများသည့်ကျွန်းတစ်ကျွန်းဖြစ်လာ

လွန်ခဲ့သည့် လေးနှစ်ခန့်က မြိတ်ကျွန်းစုဒေသရှိ ကျွန်းကမ်းခြေများအနက် နတ်သမီးကျွန်း၊ လေးကျွန်း၊ သမီးလှကျွန်း၊ ဒုံးညောင်မှိုင်းကျွန်းစသည့် ကမ်းခြေများနှင့် ဒုံးရေတံခွန်တို့ကို ခရီးသွားဧည့်သည်များ သွားရောက်လည်ပတ်မှုများပြားခဲ့ပြီး ယခုနောက်ပိုင်းတွင် ပြည်တွင်း၊ ပြည်ပခရီးသွားအများစုက စမတ်ကျွန်းကို ပိုမိုစိတ်ဝင်တစား လာရောက်လည်ပတ်လျက်ရှိသည်။ ထို့ကြောင့် စမတ်ကျွန်းမှာ မြိတ်ကျွန်းစုဒေသအတွင်းရှိ ကျွန်းပေါင်း ၈၀၀ ကျော်ခန့်အနက် နာမည်ကျော်ကြား လူသိများသည့်ကျွန်းတစ်ကျွန်းဖြစ်လာပြီး လွန်ခဲ့သည့် သုံးနှစ်အတွင်း ခရီးသွားရာသီနှင့် နှစ်သစ်ကူးသကြံန်ကာလများတွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင်လည်း ပွင့်လင်းရာသီ သီတင်းကျွတ်ကာလမှစတင်ကာ ကျွန်းခရီးစဉ်များသို့ ခရီးသွားဧည့်သည်များ အစုအဖွဲ့အလိုက် လာရောက်လည်ပတ်လျက်ရှိရာ ကျောက်စရစ်ကမ်းခြေနှင့် သဲသောင်းပြင်ကမ်းခြေတို့အကြား အမြဲစိမ်းစိုနေသည့် သစ်တောနှင့် နှစ်ဖက်ပေါက်ကျောက်လှိုဏ်ဂူပါရှိသော စမတ်ကျွန်းခရီးစဉ်ကို ခရီးသွားအေဂျင်စီများက မပါမဖြစ်ခရီးစဉ်တစ်ခုအနေဖြင့် ရေးဆွဲထားကြသည်။

မြန်မာနိုင်ငံတွင်းသာမက အရှေ့တောင်အာရှတွင်ပါ တစ်ခုတည်းသာရှိသော ကျောက်စရစ်နှင့် သဲသောင်ပြင်ကမ်းခြေ နှစ်ခုလုံးပါဝင်ကာ ပြည်တွင်းမက ပြည်ပခရီးသွားဧည့်သည်များအကြားတွင်ပါ ကျော်ကြားနေသည့် စမတ်ကျွန်းသို့ ပြည်တွင်းခရီးသည်များ တစ်ခါတစ်ခေါက် လာရောက်လည်ပတ်နိုင်ရန် ဖိတ်ခေါ်လိုက်ရပါသည်။ ။





စမတ်ကျွန်း၏ ကျောက်စရစ်ကမ်းခြေနှင့် သဲသောင်ပြင်ကမ်းခြေ သဘာဝအလှအပများ။

## တရုတ် - လာအို ရထားလမ်းဖွင့်လှစ်မှု တစ်နှစ်ပြည့်မြောက်

ကူမင်း ဒီဇင်ဘာ ၉

**တရုတ်-လာအို ရထားလမ်းကို တရားဝင်ဖွင့်လှစ်ပြေးဆွဲခဲ့သည့် တစ်နှစ်တာအတွင်း လမ်းကြောင်းတစ်လျှောက်လုံးတွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးစခန်း ၂၄ ခု ဖွင့်လှစ်ခဲ့ပြီး စုစုပေါင်းခရီးသည် ၈ ဒသမ ၅ သန်းနှင့် ကုန်စည် တန်ချိန် ၁၁ ဒသမ ၂ သန်း ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။**

ကုန်စည်အမျိုးအစား ၁၀ မျိုးကျော်မှသည် ၁၂၀၀ ကျော်အထိ တိုးမြှင့်ပို့ဆောင်နိုင်ခဲ့ပြီး တောက်ပသော ရလဒ်ကောင်းတစ်ခုကို ဖော်ဆောင်ပေးနိုင်ခဲ့သည်။ ဒီဇင်ဘာ ၃ ရက်တွင် တရုတ်-လာအို ရထားလမ်း၏ ရထားပို့ဆောင်ရေးတစ်ခုလုံး အအေးလမ်းကြောင်းဖြင့် သစ်သီးပို့ဆောင်သည့် ပထမဆုံးရထားတွဲကို ပြေးဆွဲခဲ့သည်။

လာအို၊ ထိုင်း၊ မြန်မာ စသည့် အရှေ့တောင်အာရှနိုင်ငံများမှ အရည်အသွေးကောင်းမွန်သည့် စိုက်ပျိုးရေးနှင့် စားသောက်ကုန်ပစ္စည်းများသည် တရုတ်-လာအို ရထားလမ်း၏ ဂိတ်ဖြတ်သန်းမှုမြန်ဆန်ခြင်း၊ နိုင်ငံတကာကုန်စည်ပို့ဆောင်ခြင်း စသည့်အားသာချက်များကို အသုံးချ၍ တရုတ်ဈေးကွက်သို့ ပိုမိုဘေးကင်းမြန်ဆန်စွာ ရောင်းချနိုင်မည်ဖြစ်သည်။

တစ်ချိန်တည်းတွင် တရုတ်- လာအို ရထားလမ်းဖောက်လုပ်မှုကို ခိုင်မာစွာမြှင့်တင်မှုနှင့် အတူ တရုတ်-လာအို ရထားလမ်းသည် ထိုင်းနိုင်ငံ၏ ရထားလမ်းစနစ်နှင့် အပြန်အလှန် ချိတ်ဆက်မှုကို အရှိန်မြှင့်တင်၍ အင်ဒိုချိုင်းနားကျွန်းဆွယ်ကို ဖြတ်သန်းပြေးဆွဲသည့် ရထားလမ်းကြောင်းကြီးဖြစ်လာစေရန် မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ အနာဂတ်တွင် ရထားလမ်းကို အဓိကထားသည့်




တရုတ်-လာအို-ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုသည် ဒေသခွဲဖွံ့ဖြိုးတိုးတက်မှုအဆင့်ကို လက်တွေ့မြှင့်တင်ပေးမည်ဖြစ်ရာ နိုင်ငံတကာ ကုန်စည်ထောက်ပံ့ပို့ဆောင်ရေး လမ်းကြောင်းကြီး၏ အခန်းကဏ္ဍကို ပိုမိုသိသာ ပေါ်လွင်စေမည်ဖြစ်ကြောင်း သိရသည်။

## အီးယူကောင်စီဥက္ကဋ္ဌ တရုတ်နိုင်ငံသို့ သွားရောက်

ဘာလင် ဒီဇင်ဘာ ၉

အီးယူကောင်စီဥက္ကဋ္ဌ Mr.Charles Michel သည် ဒီဇင်ဘာ ၁ ရက်က တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်၍ တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်၊ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ပြီး အီးယူခေါင်းဆောင်တစ်ဦးအနေဖြင့် ၂၀၁၈ ခုနှစ်နောက်ပိုင်း တရုတ်နိုင်ငံသို့ ပထမဆုံးအကြိမ်သွားရောက်ခြင်းဖြစ်ကြောင်း သိရသည်။

အောက်တိုဘာလအတွင်း အီးယူခေါင်းဆောင်များအကြား အီးယူဒေသနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေးကို ညှိနှိုင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများအတွက် မဟာဗျူဟာကျသော ဆွေးနွေးမှုများရှိခဲ့ပြီး နောက်ပိုင်း ဆက်လက်ဆောင်ရွက်သည့် အစီအစဉ်ဖြစ်ကြောင်း၊ လူ့အခွင့်အရေး၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၊ စီးပွားရေးဆက်သွယ်ဆောင်ရွက်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအခက်အခဲပြဿနာများ၊ ကမ္ဘာတစ်ဝန်းတွေ့ကြုံနေရသည့် စိန်ခေါ်မှုများသည် ဆွေးနွေးမှုများတွင် ပါဝင်မည့် အကြောင်းအရာများဖြစ်နိုင်ကြောင်း ခရီးစဉ်မတိုင်မီ ကြိုတင်ခန့်မှန်းထားကြသည်။

Mr.Charles Michel သည် ယခုနှစ် ဧပြီလအတွင်းက တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်နှင့် ဗီဒီယိုဖုန်း ပြောဆိုမှုရှိထားပြီး နိုဝင်ဘာလအတွင်း အင်ဒိုနီးရှားနိုင်ငံ ဘာလီ၌ ပြုလုပ်ခဲ့သည့် G-20 အစည်းအဝေးတွင် အီးယူအနေဖြင့် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးကို ဟန်ချက်ညီအောင် ပြန်လည်တည်ဆောက်ရန်လိုအပ်ကြောင်း၊ သို့သော် တစ်ဦးနှင့်တစ်ဦးအကြား နားလည်မှုများ ကောင်းစွာတိုးတက်ရရှိကြရန်အတွက် ဆွေးနွေးလက်ခံမှုများပြုလုပ်ကြရန် အရေးကြီးကြောင်း ပြောကြားခဲ့ဖူးသည်။

ယူရိုဇုန်ဒေသတွင် ငွေကြေးဖောင်းပွမှုနှုန်းမှာ အောက်တိုဘာလက ၁၀ ဒသမ ၆ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ပြီး အတိုးနှုန်းမှာ ဇူလိုင်လမှ အောက်တိုဘာလအတွင်း သုံးကြိမ်တိုးမြှင့်ပေးခဲ့ပြီးဖြစ်ကာ လာမည့် ဒီဇင်ဘာလအစည်းအဝေးတွင် ထပ်မံတိုးမြှင့်ဖွယ်ရှိကြောင်း European Central Bank (ECB) က ပြောကြားထားသည်။ ယူရိုဇုန်ဒေသ အတိုးနှုန်းနှင့်ပတ်သက်၍ နိုင်ငံရေးလေ့လာသူများ၊ ဘဏ်လုပ်ငန်းနှင့် စီးပွားရေးကျွမ်းကျင်ပညာရှင်များက ဆက်လက်တိုးမြှင့်ရန် သင့် မသင့် အပေါ် ဝေဖန်ထောက်ပြမှုများလည်း ပြုလုပ်လျက်ရှိကြကြောင်း ဘာလင်မြို့ရှိ မြန်မာစီးပွားရေးသံမှူးထံမှ သိရသည်။

## အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်ရန် တောင်ကိုရီးယား ပိုမိုကြိုးပမ်းလာ

**ဆိုးလ် ဒီဇင်ဘာ ၉**

တောင်ကိုရီးယားနိုင်ငံအနေဖြင့် မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းဒေသဖြစ်သော အင်ဒို-ပစိဖိတ်ဒေသရှိ အာဆီယံနိုင်ငံများနှင့် နီးကပ်သည့် ပူးပေါင်းဆက်ဆံမှုရရှိရန် ပိုမိုကြိုးပမ်းလျက်ရှိကြောင်း နိုင်ငံတကာမီဒီယာများက ဖော်ပြကြသည်။

ပြီးခဲ့သည့် တနင်္လာနေ့က ဗီယက်နမ်သမ္မတအား ဆိုးလ်မြို့၌ သမ္မတယွန်းက လက်ခံတွေ့ဆုံခဲ့ပြီး ကာကွယ်ရေးနှင့် အခြားလုပ်ငန်းဆိုင်ရာများဆွေးနွေးကာ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်များ ချမှတ်အတည်ပြုနိုင်ခဲ့သည်။ ထို့အတူ နိုဝင်ဘာလအတွင်းကလည်း ကမ္ဘောဒီးယားနိုင်ငံသို့ အစည်းအဝေးနှင့် ဆွေးနွေးမှုများ ပြုလုပ်ရန်အတွက် တောင်ကိုရီးယားသမ္မတ လာရောက်ခဲ့ပြီး တောင်ကိုရီးယားအနေဖြင့် အရှေ့တောင်အာရှနှင့် ပိုမိုနီးကပ်သည့် ဆက်ဆံမှုကို တည်ထောင်ထားခဲ့သည်ကို မြင်တွေ့ရပြီး မဟာဗျူဟာအသစ်တစ်ရပ်ကိုလည်း ထုတ်ဖော်ထားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် အာဆီယံ-တောင်ကိုရီးယား မိတ်ဖက်ဆက်ဆံရေး အခြေအနေများအရ ဗီယက်နမ်နှင့် စင်ကာပူတို့နှင့်လည်း ရင်းနှီးမြှုပ်နှံမှုများ အရှိန်မြှင့်တင်ရန် ကြိုးပမ်းနေပြီးဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားအနေဖြင့် ဗီယက်နမ်အပြင် အင်ဒိုနီးရှားနိုင်ငံကိုလည်း သူ၏ ဈေးကွက်ဌာနအသစ်တစ်ခုအဖြစ် ရည်မှန်းဆောင်ရွက်နေသည်ကိုလည်း တွေ့ရှိရသည်။

ထို့အတူ ကမ္ဘောဒီးယားနှင့်လည်း စီးပွားရေးအကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံအထိ နှစ်ဆမြှင့်တင်ပေးအပ်ရန်အတွက်လည်း သဘောတူထားပြီး ဖြစ်သည်။

## RCEP ကို အကောင်အထည်ဖော်ခြင်းဖြင့် ဒေသတွင်း စီးပွားရေး ပိုမိုမြင့်မားလာနိုင်

**ကူမင်း ဒီဇင်ဘာ ၉**

ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက် (RCEP)ကို အဆင့်မြင့် အကောင်အထည်ဖော်ခြင်းဖြင့် ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ဒေသတွင်း ပွင့်လင်းမှုနှင့် စီးပွားရေးပေါင်းစည်းမှုကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း ကျွမ်းကျင်သူများနှင့် စီးပွားရေးခေါင်းဆောင်များထံမှ သိရသည်။

၁-၁-၂၀၂၂ ရက်က စတင်အသက်ဝင်ခဲ့သော RCEP ကုန်သွယ်ရေးသဘောတူညီချက်သည် ကမ္ဘာ့အကြီးဆုံးလွတ်လပ်သော ကုန်သွယ်မှုဇုန်ကို ဖန်တီးပေးခဲ့ပြီး ဒေသတွင်းနှင့် ပြင်ပစီးပွားရေးလုပ်ငန်းများအတွက် အကျိုးကျေးဇူးများဆောင်ကြဉ်းပေးမည်ဖြစ်ကြောင်း၊ RCEP အဖွဲ့ဝင်ကိုးနိုင်ငံ၌ အခြေစိုက်သည့် ကုမ္ပဏီပေါင်း ၃၄၀၀ နီးပါးက လာမည့် ၁၂ လအတွင်း ၎င်းတို့၏ တရုတ်စီးပွားရေးဝင်ငွေသည် ၂၀ ရာခိုင်နှုန်းတိုးလာမည်ဟု မျှော်လင့်ထားကြောင်း ၆-၁၁-၂၂ ရက်က ထုတ်ပြန်သည့် HSBC အစီရင်ခံစာတွင် ဖော်ပြထားသည်။

RCEP ဈေးကွက်ရှိ ကုမ္ပဏီများ၏ ၄၀ ရာခိုင်နှုန်းက ၎င်းတို့၏ တရုတ်နိုင်ငံရှိ လုပ်ငန်းများမှ ဝင်ငွေသည် တစ်နှစ်လျှင် အနည်းဆုံး ၃၀ ရာခိုင်နှုန်း တိုးလာရန် မျှော်မှန်းထားကြောင်းနှင့် ကုမ္ပဏီများ၏ ၁၀ ရာခိုင်နှုန်းက နှစ်စဉ်ဝင်ငွေ ၅၀ ရာခိုင်နှုန်းအထိ တိုးလာမည်ဟု မျှော်မှန်းထားကြောင်း၊ RCEP ကို အကောင်အထည်ဖော်ခြင်းသည် နိုင်ငံစုံစနစ်၊ လွတ်လပ်စွာ ကုန်သွယ်မှုနှင့် ဒေသတွင်း စီးပွားရေးပေါင်းစည်းမှုကို ထိန်းထားရန် သက်ဆိုင်ရာပါတီများ၏ ယုံကြည်မှုနှင့် သန္နိဋ္ဌာန်ကို ပြသကြောင်းနှင့် ယင်းသည် ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာရန် အရေးကြီးသောပံ့ပိုးကူညီမှုများ၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို တွန်းအားပေးကူညီမည်ဖြစ်ကြောင်း နိုင်ငံတကာ စီးပွားရေးနှင့် စီးပွားရေးတက္ကသိုလ်၏ ဒုတိယဥက္ကဋ္ဌ Hong Junjie က ပဉ္စမအကြိမ်မြောက် Hong qiao အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်တွင် ပြောကြားခဲ့သည်။

RCEP ဈေးကွက်များမှ စစ်တမ်း ကောက်ယူထားသည့် အစီရင်ခံစာအရ ကုမ္ပဏီများ၏ ၉၃ ရာခိုင်နှုန်းနီးပါးက RCEP အစီအစဉ်များအောက်တွင် တရုတ်မိတ်ဖက်များနှင့် ကုန်သွယ်မှုဆက်ဆံရေး ခိုင်မာလာမည်ဖြစ်ကြောင်း၊ ထိုင်းနှင့် ဗီယက်နမ်ကဲ့သို့သော အရှေ့တောင်အာရှနိုင်ငံများမှ အထူးသိသာထင်ရှားသည့် လမ်းကြောင်းတစ်ခုဖြစ်ကြောင်း ဖော်ပြထားသည်။

RCEP သည် ကုန်ကျစရိတ်များကို လျှော့ချရန်၊ ထောက်ပံ့ရေးကွင်းဆက်ကို တည်ငြိမ်စေရန်နှင့် ကုန်သွယ်မှုကို မြှင့်တင်ရန် ကူညီပေးလိမ့်မည်ဖြစ်ကြောင်း ကူမင်းမြို့ရှိ မြန်မာစီးပွားရေးသံမှူးထံမှ သိရသည်။

## လျှပ်စစ်ကား ဝယ်ယူသုံးစွဲသူများသည် အစိုးရ၏ ထောက်ပံ့ကူညီငွေ ဒေါ်လာ ၇၅၀၀ အထိ ရယူနိုင်မည်

နိုင်ငံအသီးသီး၏ အစိုးရများ ထောက်ပံ့ကူညီပေးမှုဖြင့် လျှပ်စစ်မော်တော်ကားများ ဝယ်ယူစီးနင်းခြင်းမှာ ကမ္ဘာ့နိုင်ငံများ၌ ရေပန်းစားလာလျက်ရှိသည်။ Bloomberg နှင့် Yelp တို့ ၏ ခန့်မှန်းချက်များအရ ယခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ လူစီးလျှပ်စစ်ကား အစီးရေ ၁၀ ဒသမ ၆ သန်းကျော် ရောင်းချနိုင်မည်ဟု ခန့်မှန်းထားသဖြင့် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၆၃ ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဟု ခန့်မှန်းထားကြခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၌ လျှပ်စစ်မော်တော်ယာဉ် သတ်မှတ်ချက် ဥပဒေအသစ်ဖြစ်သည့် Inflation Reduction Act 2023 အရ လာမည့် ၂၀၂၃ ခုနှစ်အတွင်း လူစီးလျှပ်စစ်ကားများ၏ ရောင်းအား ပိုမိုမြင့်တက်လာနိုင်ပြီး လျှပ်စစ်ကား ဝယ်ယူသုံးစွဲသူများသည် အစိုးရ၏ ထောက်ပံ့ကူညီငွေဒေါ်လာ ၇၅၀၀ အထိ ရယူနိုင်မည်ဟု သိရသည်။

အစိုးရ၏ ထောက်ပံ့ကူညီမှုကြောင့် အမေရိကန်ပြည်တွင်း၌ လျှပ်စစ်ကားဘက်ထရီထုတ်လုပ်မှု အရှိန်များလည်း ပိုမိုမြင့်တက်လာနိုင်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းကြသည်။

လျှပ်စစ်ကားသီးသန့်ရောင်းချသော အရောင်းကိုယ်စားလှယ်များ၏ ခန့်မှန်းချက်အရ ယခုနှစ်အတွင်း လျှပ်စစ်ကားရောင်းချရန် မူလခန့်မှန်းထားသည့် ၂၀ ရာခိုင်နှုန်းထက် ပိုမိုရောင်းချနိုင်မည်ဟု ဆိုကြသည်။

သတင်းရင်းမြစ်များ- မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။ **ခင်ရတနာ စုစည်းဖော်ပြသည်။**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်မေတ္တာ(ဃ)ရပ်ကွက်နေ ရတနာဖြိုးသည် ၎င်းအသုံးပြုသည့် "Yandar Phyo" Facebook အကောင့်၊ ရေစကြိုမြို့နယ် စဥ့်ကိုင်ကျေးရွာနေ ချမ်းမင်းစိုးသည် ၎င်းအသုံးပြုသည့် "Chan Min Soe" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဒေးဝန်းရပ်ကွက်နေ ရဲရင့်အောင်(ခ) ရဲလေး၊ ဘိုမင်းခန့်(ခ)မင်းခန့်၊ (က)ရပ်ကွက်နေ လှိုင်မျိုးထက်(ခ) လှိုင်ကြီးနှင့် ရပ်ကွက်ကြီး(၁၂)ရပ်ကွက်နေ ငြိမ်းချမ်းမောင်(ခ)ကောင်းကောင်းတို့သည် ၎င်းတို့အသုံးပြုသည့် "Ye Yint Aung" Facebook အကောင့်၊ "Minn Khant" Facebook အကောင့်၊ "Hlaing Gyee" Facebook အကောင့်နှင့် "Kaung Kaung" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်နေ "Su Myat Phone Kyaw" Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျိုက်ပိုးကျေးရွာနေ "Min Min Thann" Facebook အကောင့်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အောက်ကျင်းရပ်ကွက်နေ ဝင်းနိုင်ထွန်း(ခ) အစိတ်သည် ၎င်းအသုံးပြုသည့် "Win Naing Htun" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘင်္ဂါလီဒုက္ခသည်စခန်းမှ ထွက်ခွာလာသူများအား ကယ်ဆယ်ရေးဆောင်ရွက်ပေး

**နေပြည်တော် ဒီဇင်ဘာ ၉**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited မှ အထောက်အကူပြု ရေယာဉ်များဖြစ်သည့် HAI DUONG 29 နှင့် HAI DUONG 38 ရေယာဉ်တို့သည် ဇောတိကစီမံကိန်း ကမ်းလွန်လုပ်ကွက်၌ လုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာနိုင်ငံရေပြင်အတွင်း ဖြတ်သန်းလာစဉ် ဒီဇင်ဘာ ၇ ရက် နံနက် ၅ နာရီ ၄၅ မိနစ်ခန့်တွင် မြိတ်မြို့၏ အနောက်တောင်ဘက် ၁၅၅ မိုင်ခန့်အကွာသို့အရောက်၌ ဘင်္ဂါလီလူမျိုးများ တင်ဆောင်လာသည့် 



စစ်ရေယာဉ်ဖြင့် လွှဲပြောင်းကယ်ဆယ်လာသော ဘင်္ဂါလီလူမျိုးများ။

လှေတစ်စင်းသည် ရေဝင်၍ နစ်မြုပ်လုနီးပါးဖြစ်နေသည်ကို တွေ့ရှိရသဖြင့် ကယ်ဆယ်ထားကြောင်း တပ်မတော်(ရေ) မှ လုံခြုံရေးစစ်ရေယာဉ်များသို့ သတင်းပေးပို့လာခဲ့သည်။

သတင်းရလျှင် ရချင်း တပ်မတော်(ရေ)မှ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကော်ဗက်အမျိုးအစား စစ်ရေယာဉ်အား စေလွှတ်ခေါ်ဆောင်စေခဲ့ရာ ည ၁၀ နာရီခန့်တွင် မြိတ်မြို့၏ အနောက်တောင်ဘက် ၁၅၅ မိုင် ခန့်အကွာ၌ HAI DUONG 38 ရေယာဉ်နှင့် တွေ့ဆုံခဲ့ပြီး ဘင်္ဂါလီလူမျိုး လူကြီးကျား ၈၃ ဦး၊ မ ၄၀၊ ကလေးကျား ၂၃ ဦး၊ မ ၈ ဦး၊ စုစုပေါင်း ၁၅၄ ဦးတို့အား စစ်ရေယာဉ်ပေါ်သို့ လွှဲပြောင်းတင်ဆောင်၍ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပြီး အစားအသောက်များ ထောက်ပံ့ကျွေးမွေး ခေါ်ဆောင်လာခဲ့သည်။

အထက်ပါ ဘင်္ဂါလီလူမျိုးများအား မြိတ်မြို့ အနောက်မြောက်ဘက် ၈ ဒသမ ၅ မိုင်ခန့်အကွာတွင် ကျောက်ချရပ်နား၍ မြိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန ပါဝင်သောအဖွဲ့စုံဖြင့် ရေယာဉ်ပေါ်၌ စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ဘင်္ဂါလီလူမျိုးများသည် ဘင်္ဂါလီစကားတစ်မျိုးတည်းသာ ပြောဆိုတတ်ပြီး ကနဦးမေးမြန်းချက်အရ ၎င်းတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားခရိုင် ဒေါ့ကာစီဒုက္ခသည်စခန်းများမှဖြစ်ကြောင်း၊ ဒုက္ခသည်စခန်းအတွင်း လူဦးရေများပြားခြင်း၊ လုံခြုံမှုမရှိခြင်းနှင့် စားနပ်ရိက္ခာမလုံလောက်ခြင်း တို့ကြောင့် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ရန်အတွက် လိုက်ပါလိုသူမိသားစုများထံမှ တာကာငွေ ၁၀ သိန်း ကောက်ခံပြီး စက်လှေတစ်စင်း ဝယ်ယူခဲ့ကြောင်း၊ နိုဝင်ဘာ ၂၇ ရက်တွင် အဆိုပါစက်လှေဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ စတင်ထွက်ခွာလာခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့တွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (United Nations High Commissioner for Refugees – UNHCR)မှ ထုတ်ပေးထားသည့် ဒုက္ခသည်ကတ်များ ကိုင်ဆောင်ထားရှိကြောင်း၊ ဒီဇင်ဘာ ၇ ရက်တွင် လှေအတွင်းသို့ ရေများဝင်ရောက်၍ နစ်မြုပ်နေစဉ် HAI DUONG 38 ရေယာဉ်နှင့် တွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်းနှင့် လှေပေါ်ပါသူအားလုံး အသက်ရှင်လျက်ရှိကြောင်း သိရှိရသည်။

ယင်း ဘင်္ဂါလီလူမျိုးများအား မြိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန ပါဝင်သော အဖွဲ့စုံဖြင့် စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်ပြီးပါက စစ်တွေမြို့သို့ ဆက်လက်ပို့ဆောင်၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ ဆေးဝါး၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၉**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သဃ်္ဃန်းညီနောင်ကျေးရွာအနီး မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးပေါ်၌ ရှောင်တခင်ကင်းလှည့်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့်စားသောက်ကုန်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၉၆၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် စက်ဘီး (အဟောင်း) အစီး ၁၀၀ ၊ အချိုမှုန့်ထုပ် ၂၅ ဖာနှင့် အဆိုပါပစ္စည်းများ တင်ဆောင် လာသည့် မော်တော်ယာဉ်နှစ်စီးနှင့်နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၈၅၄၃၇၅၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

### အရေးယူဆောင်ရွက်လျက်ရှိ

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၇ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်နှင့် ကွဲလွဲပါရှိလာသည့် မျက်စဉ်းဆေးဘူးများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၆၁၆၀၀၀)ကို လည်းကောင်း၊ ဒီဇင်ဘာ ၈ ရက်တွင် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် ဆေးဝါးများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၃၆၀၀၀၀) ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၉၇၆၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပိန်းဆာကျေးရွာအနီး ရှောင်ကွင်းလမ်း တစ်နေရာတွင် ပိုင်ရှင်မဲ့စုပုံထားသော Bluetooth Speaker ၅၅ လုံး၊ 777 တံဆိပ်ပါ Heavy Duty Battery ၁၀ ဖာနှင့် FM Transceiver အလုံး ၃၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၄၅၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

### တရားမဝင်သစ်ဖမ်းမိ

၎င်းအပြင် ဒီဇင်ဘာ ၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၁၅ ဒသမ ၆၅၈၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၇၂၄၄၂) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၆၃၈၁၉၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**




ဒီဇင်ဘာ ၁၀ ရက်မှာတော့ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်တွေကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာပါ။ စပိန်ကို အနိုင်ယူကျော်ဖြတ်ခဲ့တဲ့ မော်ရိုကိုက ပေါ်တူဂီအသင်းနဲ့ ကစားရမှာ ဖြစ်ပါတယ်။

### ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်

| ၁၀-၁၂-၂၀၂၂ | | | စနေနေ့ |
|---|---|---|---|
| မော်ရိုကို | - | ပေါ်တူဂီ | ည ၉း၃၀ |
| အင်္ဂလန် | - | ပြင်သစ် | နံနက် ၁း၃၀ |

# ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားမည်

## မော်ရိုကို VS ပေါ်တူဂီအသင်းအခြေအနေ

**မော်ရိုကို** – စပိန်အသင်းကို ကျော်ဖြတ်ခဲ့တဲ့ မော်ရိုကိုအသင်းရဲ့ ခြေစွမ်းက ကျစ်လျစ်ပြီး တည်ငြိမ်မှုရှိတယ်ဆိုပေမယ့် တိုက်စစ်ပိုင်းက ရရှိလာတဲ့ အခွင့်အရေးကို ဂိုးအဖြစ် ပြောင်းလဲနိုင်စွမ်း အားနည်းတယ်။

**ပေါ်တူဂီ** – ဆွစ်ဇာလန်အသင်းကို တိုက်စစ်ခြေစွမ်းပြကာ ဂိုးပြတ်အနိုင်ယူကျော်ဖြတ်ခဲ့တဲ့ ပေါ်တူဂီအသင်းက ခံစစ်ပိုင်းတည်ငြိမ်ပြီး တိုက်စစ်ပိုင်းထက်မြက်မှုရှိတယ်။

**သုံးသပ်ချက်** – ပြောမယ်ဆိုရင် ပေါ်တူဂီအသင်း တိုက်စစ်ပိုင်းမှာ အဓိက တိုက်စစ်မှူး စီရော်နယ်ဒိုမပါသည့်တိုင် ထက်မြက်မှုရှိပြီး ရရှိလာတဲ့အခွင့်အရေးကို ဂိုးအဖြစ် ပြောင်းလဲနိုင်တယ်။ မော်ရိုကို အသင်းက အားထားရတဲ့ ကစားသမား ဇီယက်ရဲ့ လုပ်အားနှုန်း ကျဆင်းခဲ့ရင် ဂိုးရဖို့ ရုန်းကန်ရတဲ့ အခြေအနေ ရှိတယ်။ လက်ရှိအချိန်အထိ ပေးဂိုးတစ်ဂိုးသာ ခွင့်ပြုပေးထားရသေးတာကြောင့် ခံစစ်ပိုင်း တည်ငြိမ်မှုရှိတယ်ဆိုပေမယ့် ပေါ်တူဂီအသင်းရဲ့ တိုက်စစ်ကို တောင့်ခံဖို့ ခက်[illegible]မယ်။

| မော်ရိုကိုအသင်း |
|---|
| **အုပ်စုတွင်း ကျော်ဖြတ်မှု** |
| မော်ရိုကို ၀-၀ ခရိုအေးရှား |
| ဘယ်လ်ဂျီယံ ၀-၂ မော်ရိုကို |
| ကနေဒါ ၁-၂ မော်ရိုကို |
| **၁၆ သင်းအဆင့် ကျော်ဖြတ်မှု** |
| မော်ရိုကို ၀-၀ စပိန် |
| ● ပယ်နယ်တီအဆုံးအဖြတ်တွင် မော်ရိုကိုအနိုင်ရ |

| ပေါ်တူဂီအသင်း |
|---|
| **အုပ်စုတွင်း ကျော်ဖြတ်မှု** |
| ပေါ်တူဂီ ၃-၂ ဂါနာ |
| ပေါ်တူဂီ ၂-၀ ဥရုဂွေး |
| တောင်ကိုရီးယား ၂-၁ ပေါ်တူဂီ |
| **၁၆ သင်းအဆင့် ကျော်ဖြတ်မှု** |
| ပေါ်တူဂီ ၆-၁ ဆွစ်ဇာလန် |

**မော်ရိုကိုနဲ့ ပေါ်တူဂီအသင်း ထိပ်တိုက်တွေ့ဆုံမှု**

| | | | |
|---|---|---|---|
| ပေါ်တူဂီ | ၁-၀ | မော်ရိုကို | ကမ္ဘာ့ဖလား |
| ပေါ်တူဂီ | ၁-၃ | မော်ရိုကို | ကမ္ဘာ့ဖလား |

## အင်္ဂလန် VS ပြင်သစ်အသင်းအခြေအနေ

**အင်္ဂလန်** – တစ်ပွဲထက်တစ်ပွဲ ပိုမိုကောင်းမွန်တဲ့ ခြေစွမ်းကို အင်္ဂလန်အသင်းက ပြသထားနိုင်တယ်။ အထူးသဖြင့် ခံစစ်၊ ကွင်းလယ်၊ တိုက်စစ်ပိုင်း အချိတ်အဆက်မိမိနဲ့ ကစားထားနိုင်မှုက အားသာချက်အဖြစ် ရှိတယ်။

**ပြင်သစ်** – အမ်ဘတ်ပီ ခြေစွမ်းပြမှုနဲ့အတူ အသင်းပရိသတ်တွေ လက်ခံနိုင်တဲ့ အနေအထားအထိ ပြင်သစ်အသင်း လုပ်ပြထားနိုင်တယ်။

**သုံးသပ်ချက်** – တိုက်စစ်ထက်မြက်တဲ့ အသင်းနှစ်သင်းတွေ့ဆုံမှုကြောင့် ယခင်ပွဲစဉ်တွေထက် မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာတယ်။ နှစ်သင်းစလုံးမှာ နောက်ဆုံးမိနစ်၊ နောက်ဆုံးစက္ကန့် အပိုင်းအခြားအထိ ပွဲရလဒ်အဖြေကို ပြောင်းလဲနိုင်စွမ်းရှိတဲ့ ကစားသမားတွေ အများအပြား ရှိတာကြောင့် အမှားခံလို့မရဘဲ ရရှိလာမယ့် အခွင့်အရေးကို ဂိုးအဖြစ် ပြောင်းလဲနိုင်တဲ့ အသင်းကသာ အောင်ပွဲခံသွားနိုင်တယ်။



| အင်္ဂလန်အသင်း |
|---|
| **အုပ်စုတွင်း ကျော်ဖြတ်မှု** |
| အင်္ဂလန် ၆-၂ အီရန် |
| အင်္ဂလန် ၀-၀ အမေရိကန် |
| ဝေးလ် ၀-၃ အင်္ဂလန် |
| **၁၆ သင်းအဆင့် ကျော်ဖြတ်မှု** |
| အင်္ဂလန် ၃-၀ ဆီနီဂေါ |

| ပြင်သစ်အသင်း |
|---|
| **အုပ်စုတွင်း ကျော်ဖြတ်မှု** |
| ပြင်သစ် ၄-၁ ဩစတြေးလျ |
| ပြင်သစ် ၂-၁ ဒိန်းမတ် |
| တူနီးရှား ၁-၀ ပြင်သစ် |
| **၁၆ သင်းအဆင့် ကျော်ဖြတ်မှု** |
| ပြင်သစ် ၃-၁ ပိုလန် |

**အင်္ဂလန်နဲ့ ပြင်သစ်အသင်း ထိပ်တိုက်တွေ့ဆုံမှု**

| | | | |
|---|---|---|---|
| ပြင်သစ် | ၃-၂ | အင်္ဂလန် | ခြေစမ်းပွဲ |
| အင်္ဂလန် | ၂-၀ | ပြင်သစ် | ခြေစမ်းပွဲ |
| ပြင်သစ် | ၁-၁ | အင်္ဂလန် | ဥရောပချန်ပီယံရှစ် |

လင်းလက်ကြယ်

## ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ဘရာဇီးကိုအနိုင်ယူပြီး ခရိုအေးရှားတို့ ဆီမီးဖိုင်နယ်သို့တက်လှမ်း

ကမ္ဘာ့ဖလားကွာတားဖိုင်နယ်ပွဲစဉ်မှ ခရိုအေးရှားအသင်းနှင့် ဘရာဇီးအသင်းတို့ပွဲစဉ်ကို ဒီဇင်ဘာ ၉ ရက် ည ၉ နာရီခွဲက ယှဉ်ပြိုင်ကစားရာ ခရိုအေးရှားက ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

ဘရာဇီးအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးကန်သွင်းမှုအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း ခရိုအေးရှားအသင်း၏ တုံ့ပြန်ကစားပုံကောင်းမွန်မှုကြောင့် သွင်းဂိုးရရှိရန် ရုန်းကန်ခဲ့ရသည်။ ဘရာဇီးအသင်းသည် ယခုပွဲစဉ်တွင် အပိုင်အခွင့် အရေးများကို အဓိက တိုက်စစ်ကစားသမား နေမာအပါအဝင် အသင်းကစားသမားများ ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိချေ။

ဒုတိယပိုင်းတွင် ဘရာဇီးအသင်းက ကစားအားကျလာသည့် ရာဖင်ညာ၊ ဗင်နီးစီးယပ်စ်တို့ကို အနားပေးကာ အန်တိုနီ၊ ရိုဒရီဂိုတို့ကို ထည့်သွင်းအသုံးပြုကာ ပြိုင်ဘက်ခံစစ်ကို လျင်လျင်မြန်မြန်ဖြင့် ထိုးဖောက်တိုက်စစ်ဆင်ကစားရန် ပြင်ဆင်လာခဲ့သော်လည်း ခရိုအေးရှားအသင်း၏ ခံစစ်နှင့် ဂိုးသမားတို့ ဟန့်တားရှင်းထုတ်ပုံကောင်းမွန်မှုကြောင့် နည်းပြ တီတီ၏ နည်းဗျူဟာ အလုပ်မဖြစ်ခဲ့ပေ။

သာမန်ပွဲကစားချိန်အတွင်း ဂိုးမရှိ သရေကျနေသဖြင့် အချိန်ပိုမိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ အချိန်ပို ၁၀၅ မိနစ်တွင် ဘရာဇီးအသင်း အဖွင့်ဂိုးရရှိခဲ့ပြီး အသင်းအဓိကတိုက်စစ်မှူး နေမာက သွင်းယူပေးနိုင်ခဲ့သည်။ ခရိုအေးရှားအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၁၁၇ မိနစ်တွင် ပက်ကိုဗစ် က သွင်းယူခဲ့သည်။ အချိန်ပိုတွင် တစ်ဂိုးစီ သရေကျနေသဖြင့် ပယ်နယ်တီအဆုံးအဖြတ်ခံယူရာ ခရိုအေးရှားက လေးဂိုး – နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ယခုပွဲစဉ်အနိုင်ရရှိခဲ့သော ခရိုအေးရှားအသင်းသည် ဆီမီးဖိုင်နယ်တွင် နယ်သာလန်နှင့် အာဂျင်တီးနားအသင်းတို့ထဲမှ အနိုင်ရရှိမည့် အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ **ဇော်ဇော်**



## လူးဝစ် အင်းနရစ် စပိန်နည်းပြအဖြစ်မှ နုတ်ထွက်

လူးဝစ် အင်းနရစ်သည် ၎င်း၏ စပိန်အသင်း ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်တွင် မော်ရိုကိုအသင်းကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက် အသင်းနည်းပြအဖြစ်မှ နုတ်ထွက်သွားပြီ ဖြစ်ကြောင်း သိရသည်။

အသက် ၅၂ နှစ်အရွယ်ရှိ အင်းနရစ်သည် ၂၀၁၈ ခုနှစ်ကတည်းက စပိန်အသင်းနည်းပြကို တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်ပြီး ယူရို ၂၀၂၀ ပြိုင်ပွဲတွင် စပိန်အသင်းကို ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်အောင် ကူညီပေးထားနိုင်သည်။

နည်းပြလူးဝစ် အင်းနရစ်၏ နေရာကို စပိန် ယူ-၂၁ နည်းပြ ဖွန်တီနှင့် အစားထိုးရန် နီးစပ်နေကြောင်း သိရသည်။ သို့သော်လည်း လာမည့်တနင်္လာနေ့တွင် ဘုတ်အဖွဲ့တွေ့ဆုံပြီးနောက်မှသာ နည်းပြခန့်အပ်မှုကို အတည်ပြုသွားဖွယ်ရှိသည်။

## စတားလင်း ကာတာသို့ ပြန်လည်ရောက်ရှိလာ

အင်္ဂလန်တောင်ပံကစားသမား ရာဟင်စတားလင်းသည် စနေနေ့တွင် ပြင်သစ်အသင်းနှင့် ကမ္ဘာ့ဖလားပြိုင်ပွဲကွာတားဖိုင်နယ်ပွဲစဉ် မတိုင်မီ ကာတာသို့ ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

အသက် ၂၈ နှစ်အရွယ် ချယ်ဆီးတောင်ပံကစားသမားသည် ပြီးခဲ့သည့် တနင်္ဂနွေနေ့က ၎င်း၏ မိသားစုနေအိမ် ဖောက်ထွင်းခံရမှုကြောင့် အင်္ဂလန်သို့ ပြန်သွားခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ၎င်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်၌ အင်္ဂလန်အသင်းက ဆီနီဂေါအသင်းကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့သော ပွဲစဉ်ကို လွဲချော်ခဲ့သည်။ သို့သော်လည်း စတားလင်းသည် ပြင်သစ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ကွာတားဖိုင်နယ်တွင် ပြန်လည်ပါဝင်လာဖွယ်ရှိသည်။ **အောင်ဇော်**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/တောင်)၊ မြေကွက်အမှတ်(၅၃၄/ခ)၊ (၂၀ပေx၆၀ပေ)၊ မြေကွက်တည်နေရာ အမှတ်(၅၃၄/ခ) မြင်တော်သာလမ်း၊ (၄/တောင်) ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးတင်အေး (CM-011643)အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား ဦးတင်အေး (ဖခင်)နှင့်ဒေါ်အေး (မိခင်)၁၂/သကတ(နိုင်)၀၇၄၇၆၁ တို့ အသီးသီးကွယ်လွန်သဖြင့် သား/သမီးများဖြစ်ကြသော ဦးသောင်းလွင် ၁၂/ဥကမ(နိုင်)၀၉၂၅၆၂၊ ဒေါ်အုံးရီ ၁၂/သကတ(နိုင်)၀၇၄၆၉၉၊ ဒေါ်ယဉ်ထွေး ၁၂/သကတ(နိုင်)၀၇၆၄၉၇၊ ဒေါ်နှင်းနှင်းအေး ၁၂/သကတ(နိုင်)၁၂၀၃၂၆၊ ဒေါ်သန္တာအေး ၁၂/သကတ(နိုင်)၁၂၅၉၇၁တို့ (၅)ဦးအနက် ဒေါ်ယဉ်ထွေးမှ ၎င်းကိုယ်တိုင်နှင့် ဦးသောင်းလွင်၊ ဒေါ်အုံးရီ၊ ဒေါ်နှင်းနှင်းအေး၊ ဒေါ်သန္တာအေးတို့မှ လွှဲအပ်ထားသော(GP-၁၂၇၅၁/၂၀၂၂) (၂၅-၇-၂၀၂၂) အရ မိခင်၊ ဖခင်တို့၏သေဆုံးမှုလက်မှတ်၊ ဂရန်မူရင်း၊ မိမိတို့ (၅)ဦးသာလျှင် သား/သမီးအဖြစ် တရားဝင် အမွေဆက်ခံသူများဖြစ်ပြီး တခြားကိတ္တိမသားသမီး တစ်ဦး တစ်ယောက်မှ မရှိကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ GP မရုပ်သိမ်းသေးကြောင်းနှင့် GP ပေးသူသက်ရှိထင်ရှားရှိကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ဣစ္စာသယလမ်း၊ အမှတ်(၆၀)ဟု ခေါ်တွင်သော (၂)ခန်းတွဲ(၈)ထပ်တိုက်၏ မြေညီထပ်၊ (တိုက်ရှေ့မျက်နှာမူလျှင်-ညာဘက်) အကျယ်အဝန်း (၁၂ပေခွဲ x ၅၀ပေ)ရှိ တိုက်ခန်းအား လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုပြုသူ ဒေါ်သန်းရီ ၁၁/မပန(နိုင်) ၀၁၀၉၁၆ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးသန်းထွန်းအေး ၁၂/အလန(နိုင်)၀၀၄၇၀၁မှ အပြီးပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဘူမောင် (LL.B)** (စဉ် - ၂၂၇၄၇)
**ဒေါ်ဖြိုးဖြိုးအောင် (LL.B)** (စဉ်-၄၈၄၃၁)

**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉- ၅၁၁၈၀၀၇၊ ၀၉- ၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၀)၊ ဘယသကြိန်(၂၃)လမ်း၊ တိုက်အမှတ် (၈၄၀/ခ)၊ မြေပေ အကျယ် (၄၀x၆၀)ပေရှိ မြေပေါ်တွင်ဆောက်လုပ်ထားသော(၃)ခန်းတွဲ ၃(၁/၂)ထပ် RC အဆောက်အအုံမှ ဒုတိယထပ် (၄-လွှာ)၊ (ခြေရင်း/ထောင့်ခန်း)အကျယ်အဝန်း(၁၄x၅၄)ပေ၊ အမြင့်(၉)ပေရှိ တိုက်ခန်းနှင့် တိုက်ခန်းတွင်အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများအားလုံးအပါအဝင် ၎င်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်ရီ(ခ)ဒေါ်လုံး ၁၂/ဥကတ(နိုင်)၀၂၁၉၈၇က မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်း ကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါတိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိုးသိမ်း ၁၂/ဥကတ(နိုင်)၀၅၀၂၇၅ က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ထိုသတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ .

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဒေါ်ရီရီသန့် "အလင်္ကာ" Law Firm**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ ယောမင်းကြီးရပ်ကွက်၊ အမှတ်(၂၆/A)၊ (Central City Condo)အဆောက်အအုံမှ အခန်းအမှတ် (P.H-B)၊ အကျယ်အဝန်း ၁၉၉၂ စတုရန်းပေရှိ ကွန်ဒို တိုက်ခန်းနှင့် တိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများအားလုံးအပါအဝင် အဆိုပါတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးဇော်နိုင်ဦး ၁၂/ဗဟန(နိုင်)၀၀၃၃၁၉ ဥက္ကဋ္ဌ (NAING Group Capital Co.,Ltd) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အထက်ပါတိုက်ခန်းအား အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်ခင်ဝါ (LL.B, LL.M)** — **အထက်တန်းရှေ့နေ(စဉ်-၅၁၃၅၈)**
**ဦးနိုင်ဝင်းရှိန် (LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၅၁၄၁၀)**
**ခြံအမှတ် (၂၇)၊ အခန်း (၃၈)၊ ယောမင်းကြီးလမ်း၊ ယောမင်းကြီးရပ်ကွက်၊**
**ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း - ၀၉-၄၄၄၃၉၂၈၂၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်၊ မင်းကျောင်းကျေးရွာအုပ်စု၊ ကွင်းအမည် (၂၈၁၀)၊ (တပ်မြို့တောင်)၊ ဦးပိုင်အမှတ်(၆၁၇)၊ ဧရိယာ ၀ ဒသမ ၁၃၃ ဧကရှိ မြေကို မူလပိုင်ရှင်ဦးအောင်မောင်း၏အမည်ဖြင့် ၂၄-၉-၂၀၁၁ ရက်ထိ(၁၀)နှစ်ဂရန်ရရှိပြီး သက်တမ်းကုန်ဆုံးကာ ၎င်းမြေကို ၄-၈-၂၀၂၂ ရက်တွင် ဦးအောင်မောင်း၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်ထားသူ ဦးဘိုတောက်နှင့် ဒေါ်မိုးဇာခြည်ဝင်း၊ မနှင်းအိကိုကိုတို့မှ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အရောင်းအဝယ်စာချုပ်ချုပ်ဆိုကြပြီး အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်ထုတ်ပေးခြင်းလုပ်ငန်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွှေဘိုမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ အကွက်အမည်(၂၈)၊ (အောင်ချမ်းသာ)၊ ဦးပိုင်အမှတ်(၅၈)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကို မူလပိုင်ရှင်ဦးစိုးမြင့်၏အမည်ဖြင့် ၁၈-၁-၂၀၁၂ ရက်ထိ(၁၀)နှစ်ဂရန်ရရှိပြီး သက်တမ်းကုန်ဆုံးကာ ၎င်းမြေကို ၃၀-၅-၂၀၂၂ ရက်တွင် ဦးစိုးမြင့်၏အထွေထွေကိုယ်စားလှယ်လွှဲအပ်ထားသူ ဦးချစ်ခဲနှင့် ဦးအောင်မျိုးမှ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ အရောင်းအဝယ်စာချုပ်ချုပ်ဆိုကြပြီး အမည်ပြောင်းမြေငှားဂရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်ထုတ်ပေးခြင်းလုပ်ငန်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွှေဘိုမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်၊ မင်းကျောင်းကျေးရွာအုပ်စု၊ ကွင်းအမည်(၂၈၁၀)၊ (တပ်မြို့တောင်)၊ ဦးပိုင်အမှတ်(၆၁၇)၊ ဧရိယာ၀ဒသမ ၁၃၃ ဧကရှိ မြေကို မူလပိုင်ရှင်ဦးအောင်မောင်း၏အမည်ဖြင့် ၂၄-၉- ၂၀၁၁ ရက်ထိ(၁၀)နှစ် ဂရန်ရရှိပြီး သက်တမ်းကုန်ဆုံးကာ ၎င်းမြေကို၄-၈-၂၀၂၂ရက်တွင် ဦးအောင်မောင်း၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်ထားသူ ဦးဘိုတောက်နှင့် ဒေါ်မိုးဇာခြည်ဝင်း၊ မနှင်းအိကိုကိုတို့မှ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ အရောင်းအဝယ်စာချုပ်ချုပ်ဆိုကြပြီး၊ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်ထုတ်ပေးခြင်းလုပ်ငန်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွှေဘိုမြို့**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏ မိတ်ဆွေ မောင်နိုင်သိန်းစိုး ၁၃/သပန(နိုင်)၀၂၉၉၁၃- မနှင်းအိဖြူ(ခ) နှင်းချိုချိုလတ် ၁၂/ဒဂတ(နိုင်)၀၁၁၁၉၆ တရားဝင်ပိုင်ဆိုင်သော ကျောက်မဲခရိုင်၊ သီပေါမြို့၊ ဘော်ကြိုကျေးရွာ၊ အမှတ်(၁၁၇)၊ သကြားစက်ရှေ့ ကျေးရွာအတွင်းရှိခြံမြေ၊ ဘော်ကြိုဘုရားကွင်း၊ ဦးပိုင်အမှတ် N.28၊ ရွာမြေ၊ ပိုင်ဆိုင်ခွင့်(A) နှင့် ဧရိယာ ၀ ဒသမ ၃၅ ဧရိယာအကျယ်အဝန်းရှိ "လိုတရ" စက်သုံးဆီဆိုင်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းဖြူ သဘောတူညီမှုမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း ကိစ္စရပ်များ ပြုလုပ်ခဲ့ပါက ကျွန်ုပ်မိတ်ဆွေ ညွှန်ကြားချက်အရ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်မေမြတ်**
**အထက်တန်းရှေ့နေ(စဉ်-၅၁၈၇၀)**
**အမှတ်(၁၄)၊ မလိခလမ်း၊ ၁၈/ဘီ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်းမြို့နယ်)**
**ဖုန်း-၀၉-၇၈၅၈၂၂၁၁**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေကွက်အမှတ်(ဥ-၇၇၁၄)၊ ဦးတင်ဝင်း (ဘ) ဦးအောင်ကြီး ၉/ပမန(နိုင်)၁၈၉၂၃၅ အမည်ပေါက်ပါမစ်မြေကွက်၏ မြေကွက်နေရာချထားပေးခြင်း ခွင့်ပြုမိန့်မူရင်းပျောက်ဆုံးသွားပါသဖြင့် ဦးတင်ဝင်း(ဘ) ဦးအောင်ကြီး ၉/ပမန(နိုင်)၁၈၉၂၃၅ မှ မြေကွက်နေရာချထားပေးခြင်း ခွင့်ပြုမိန့်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပျောက်ဆုံးကြောင်းတရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေကွက်နေရာ ချထားပေးခြင်း၊ ခွင့်ပြုမိန့်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက် ၃၀ အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေကွက်နေရာချထားပေးခြင်းခွင့်ပြုမိန့် မိတ္တူမှန် လျှောက်ထားလာမှုအားဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ အကြပ်အင်းကျေးရွာ၊ အထက(ခွဲ)ကျောင်း၊ သတ္တမတန်းမှ မောင်ကောင်းထက်နှင့် ဆဌမတန်းမှ မောင်ကောင်းဆက်တို့၏ ဖခင်အမည်မှန်မှာ ဦးအေးပေါက်ကျော် ၇/ဖမန(နိုင်) ၁၃၉၃၄၉ ဖြစ်ပါကြောင်း။

**ဦးအေးပေါက်ကျော်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ကျော်ကျော် ၅/ဝလန(နိုင်) ၁၃၉၈၂၀ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၅၉၄၈၄၆၁၉၅**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/2166 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ အသစ် ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံတက္ကသိုလ်၊ ရူပဗေဒ (အထူးပြု) ၂၀၁၉၊ ၄ရပ-၁(၀၂၃) ဖြင့် ဖြေဆိုအောင်မြင်ထားသော မဂါအေ့၏ဖခင် ဦးလော်ဂါ(ခ) ဦးလောကာမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးလော်ဂါ(ခ)ဦးလောကာ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/ 66310 Zong Shen 110 M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/ ၃၇၇၄၆ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ Nadi Moe Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/ ၈၆၆၂၈ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ Sein Shwe Yaung Pyae Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/ 62513 Honda Click 150 ယာဉ်လက်ဝယ်ရှိသူ Lucky Shwe Pyi Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/ ၄၁၃၇၉ ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်ထွန်းအေး ၃/ဘအန(နိုင်) ၁၂၀၈၉၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀ယ/ ၂၉၁၅၀ ယာဉ်လက်ဝယ်ရှိသူ ဦးညီညီနိုင် ၁၀/မလမ(နိုင်) ၁၅၄၉၆၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## အမြန်ဆက်သွယ်ရန်

ကျွန်မ ဒေါ်သင်းသင်းမော် ၁၀/မဒန(နိုင်) ၁၁၂၀၉၅၏ သမီးဖြစ်သူ မဆုအိဇာဝေ (၂၃နှစ်) ၁၀/မလမ (နိုင်)၂၄၀၅၁၁ သည် နေအိမ်တွင် မိဘနှင့်စကားများပြီး နေအိမ်မှ ထွက်ခွာသွားပြီး ပြန်မလာပါသဖြင့် မိဘဖြစ်သူ ကျွန်မမှ စိတ်များစွာ ပူပန်သောက ရောက်နေရသည်။ နေအိမ်သို့ အမြန်ဆုံး ပြန်လာရန်နှင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြား ပေးရန်။

**ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၉-၇၉၃၂၆၃၆၂၉**

ဒေါ်သင်းသင်းမော် ၁၀/မဒန(နိုင်) ၁၁၂၀၉၅
အိမ်အမှတ်(၅၅၉)၊ ကော့ခမယ်၊ မော်လမြိုင်မြို့

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရန်အောင်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၂၃/ဂုဏ်တန်မြောက်၊ ဦးပိုင်အမှတ် (၈၄၃)၊ ဧရိယာ ၀ ဒသမ ၁၀၁ဧကရှိ ဘိုးဘပိုင်မြေကွက်အား အမည်ပေါက် ဒေါ်ကြည်ကြည်ဌေး ၉/ပမန(နိုင်) ၀၃၄၉၃၃၊ ဒေါ်မြင့်မြင့်စိန် ၉/ပမန(နိုင်)၀၀၂၇၁၂မှ ပေးကမ်းခြင်းစာချုပ်အမှတ် (၁၁/၁၉၉၅)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဦးရဲဦး ၉/ပမန(နိုင်)၁၈၆၀၄၅အား မေတ္တာဖြင့်အပြီးအပိုင်ပေးကမ်းခြင်း စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ဒက္ခိဏသီရိတောင်ရပ်၊ မြေကွက်အမှတ်(ဒ-၃၁၆၃၃)၊ ဧရိယာ ၀ ဒသမ ၁၄၆ဧကရှိ ဦးမင်းဟန် (ဘ) ဦးကျော်ဒင် ၁၂/လမန(နိုင်)၀၁၂၈၃၉ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးမင်းဟန်ထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၂၃၀၉/၂၀၂၂)၈-၆-၂၀၂၂ ရရှိထားသူ ဒေါ်ခင်မိုးကြည် (ဘ)ဦးချစ်လှိုင် ၉/ကပတ(နိုင်)၀၁၉၀၈၇ မှ ဒေါ်ခင်အေးအေးမော် (ဘ)ဦးချစ်လှိုင် ၉/ကပတ(နိုင်)၀၁၉၀၅၂ နှင့် အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ်(ဒ-၃၁၄၀၄)၊ ဧရိယာ ၀ ဒသမ ၁၄၆ဧကရှိ ဦးခင်မောင်ချို (ဘ) ဦးတန်စိန်ဂွမ် ၁၂/လသန(နိုင်)၀၂၀၄၄၃ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကိုဦးခင်မောင်ချိုထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၇၈၆/၂၀၂၂) ၆-၅-၂၀၂၂ ရရှိထားသူဦးအုပ်စိုးမင်း (ဘ)ဦးခင်မောင်ထွန်း ၁၂/ဗဟန(နိုင်) ၁၀၂၁၀၃ မှ ဒေါ်မင်းမင်းမော် (ဘ)ဦးထွန်းမောင် ၁၁/ကဖန (နိုင်)၀၁၂၀၀၀ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မအူပင်တက္ကသိုလ်
## ကြေညာချက်
### (၁၅) ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မအူပင်တက္ကသိုလ်၏ (၂၀၁၉-၂၀၂၀) ပညာသင်နှစ်၊ ၂၀၂၁ ခုနှစ်၊ ဇွန်လတွင် ကျင်းပပြီးစီးခဲ့သော ရိုးရိုးဘွဲ့ (ဝိဇ္ဇာ/သိပ္ပံ)၊ ဂုဏ်ထူးတန်းဘွဲ့ (ဝိဇ္ဇာ/သိပ္ပံ)၊ မဟာဘွဲ့ (ဝိဇ္ဇာ/သိပ္ပံ) အောင်မြင်ပြီးသူများနှင့် (၂၀၂၁-၂၀၂၂) ပညာသင်နှစ် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လတွင် ကျင်းပပြီးစီးခဲ့သော ဂုဏ်ထူးတန်းဘွဲ့ (ဝိဇ္ဇာ/သိပ္ပံ)၊ မဟာဘွဲ့ (ဝိဇ္ဇာ/သိပ္ပံ) အောင်မြင်ပြီးသူများအတွက် မအူပင်တက္ကသိုလ်တွင် (၁၅) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပမည်ဖြစ်ပါသဖြင့် အဆိုပါအခမ်းအနားသို့ တက်ရောက်ဘွဲ့ (သို့) အဝေးရောက်ဘွဲ့ယူရန် ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို မအူပင်တက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် (၂၁-၁၁-၂၀၂၂) ရက် (တနင်္လာနေ့) မှ စတင်ရယူ၍ (၂၁-၁၂-၂၀၂၂) ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ လျှောက်ထားရပါမည်။

၂။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်/အဝေးရောက် လျှောက်ထားလိုသူများသည် ဘွဲ့လျှောက်လွှာများကို မအူပင်တက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မူရင်း-မိတ္တူ)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း-မိတ္တူ) နှင့် နောက်ဆုံးနှစ် ကျောင်းသားကတ် (မူရင်း-မိတ္တူ) တင်ပြတောင်းယူလျက် လွန်ခဲ့သော (၃) လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံ (၂"x ၁ ၁/၂" အရွယ်) (၂) ပုံ ပူးတွဲ၍ လျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင်ကြေးကို မအူပင်တက္ကသိုလ် ငွေလက်ခံဌာနသို့ပေးသွင်းရမည်။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးကို ပါမောက္ခချုပ် မအူပင်တက္ကသိုလ်သို့ လိပ်မူ၍ စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့်ပေးပို့နိုင်သည်။ ငွေပို့လွှာ၏အောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးဟု ဖော်ပြပြီး လျှောက်လွှာရှင် အမည်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ အောင်မြင်သည့်ခုနှစ် စသည်တို့ကို တိကျစွာဖော်ပြရမည်။

၄။ ဘွဲ့နှင်းသဘင်သို့တက်ရောက်လိုသူများသည် ဘွဲ့နှင်းကြေး (၁၅၀၀ိ/-) တစ်ထောင့်ငါးရာကျပ်တိတိနှင့် အဝေးရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းကြေး (၁၀၀၀ိ/-) တစ်ထောင်ကျပ်တိတိ ပေးသွင်းရမည်။

၅။ ဘွဲ့တက်ရောက်ယူမည်ဟုလျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ဘွဲ့ယူရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်သည်။

၆။ မအူပင်တက္ကသိုလ် (၁၅) ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

**ဘွဲ့နှင်းသဘင်နေ့ - ၁၄-၁-၂၀၂၃ ရက် (စနေနေ့)**

| (က) နံနက်ပိုင်း (နံနက် ၉ နာရီ) | (ခ) နေ့လယ်ပိုင်း (မွန်းလွဲ ၂နာရီ) |
|---|---|
| - ရိုးရိုးဘွဲ့ | - ရိုးရိုးဘွဲ့ |
| သမိုင်း၊ ဒဿနိကဗေဒ၊ | မြန်မာစာ၊ |
| အရှေ့တိုင်းပညာ၊ | အင်္ဂလိပ်စာ၊ ပထဝီဝင်၊ |
| သင်္ချာ၊ သတ္တဗေဒ၊ | ဓာတုဗေဒ၊ ရူပဗေဒ |
| ရုက္ခဗေဒ၊ ဘူမိဗေဒ | |
| - ဂုဏ်ထူးတန်းဘွဲ့ | - ဂုဏ်ထူးတန်းဘွဲ့ |
| (၂၀၁၉-၂၀၂၀) | (၂၀၂၁-၂၀၂၂) |
| မြန်မာစာ၊ အင်္ဂလိပ်စာ၊ | မြန်မာစာ၊အရှေ့တိုင်းပညာ |
| အရှေ့တိုင်းပညာ၊ | ဓာတုဗေဒ၊ရူပဗေဒ၊သင်္ချာ၊ |
| ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ | သတ္တဗေဒ၊ ရုက္ခဗေဒ |
| - မဟာဘွဲ့ (၂၀၁၉-၂၀၂၀) | - မဟာဘွဲ့ (၂၀၂၁-၂၀၂၂) |
| မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊ | မြန်မာစာ၊ သမိုင်း၊ |
| ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ | အရှေ့တိုင်းပညာ၊ |
| သတ္တဗေဒ၊ ရုက္ခဗေဒ | ဓာတုဗေဒ၊ရူပဗေဒ၊သင်္ချာ၊ |
| | သတ္တဗေဒ၊ ရုက္ခဗေဒ |

**အစမ်းလေ့ကျင့်ခြင်းနေ့ - ၁၂-၁-၂၀၂၃ ရက်**
**(ကြာသပတေးနေ့ ) (နံနက်ပိုင်း)**

၇။ ဘွဲ့အသီးသီးကို တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲ နှင့်ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာနှင့် ကိုက်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား)တို့မှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။

၈။ ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာကို (၅-၁-၂၀၂၃) ရက် (ကြာသပတေးနေ့) နံနက်(၁၀:၀၀) နာရီ အချိန်တွင် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် ထုတ်ပေးပါမည်။ ဘွဲ့ဝတ်စုံထုတ်ယူသူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြားများကို ယူဆောင်လာရမည်။

၉။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မအူပင်တက္ကသိုလ် မော်ကွန်းထိန်း (စာမေးပွဲနှင့် ဘွဲ့နှင်းဌာန) ဖုန်းနံပါတ် ၀၉- ၄၂၈၀၀၄၆၃၃ သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မှတ်ချက်။** အခြားပညာသင်နှစ်မှ ဘွဲ့စာမေးပွဲ အောင်မြင်ကြသူများသည် အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်ပါသည်။

**မော်ကွန်းထိန်း၊ သင်တန်းရေးရာ**
**မအူပင်တက္ကသိုလ်**

---

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
### တောင်ကြီးခရိုင်တရားရုံး
### ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် -၁၁၈ နှင့် ဆက်သွယ်သည့် ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၄၀

| ဒေါ်လွင်လွင်အေး | နှင့် | ဦးခွန်မျိုးဦး |
|---|---|---|
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

ဦးခွန်မျိုးဦး၊ အမှတ် (ခ/၁၆၇)၊ ရွာလယ်လမ်း၊ ကံကြီးရပ်ကွက်၊ တောင်ကြီးမြို့ (ယခုနေရပ်လိပ်စာမသိသူ)နေသူအား သိစေရမည်။

၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် -၁၁၈တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားဖြင့်ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက် (၁၃၈၄ ခုနှစ် ပြာသိုလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းမြင့်စိုး)**
**ဒုတိယခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ပျဉ်းမနားအမှတ် (၁)ဈေး၊ ရုံအမှတ် (B)၊ ဆိုင်ခန်းအမှတ် (၁၄၈)အား နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရန်နိုင်ရပ်ကွက်၊ ရန်အောင် (၂)လမ်း၊ အမှတ် (၁၅/၂၂)နေ ဒေါ်ဝတ်ရည်လှိုင် ၉/ပမန(နိုင်) ၁၈၇၅၈၂ အမည်ပေါက်ပိုင်ဆိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အနောက် (၃)ရပ်ကွက်၊ (၁၅)လမ်း၊ အမှတ် (၁၈)နေ ဒေါ်မူမူ ၁၂/ဒပန(နိုင်) ၀၂၀၆၈၈သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၈/ ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ် (ဒ-၃၀၁၁၉)၊မြေဧရိယာ ၀ဒသမ ၁၄၆ဧကရှိ ဒေါ်ဆွေဆွေဦး(ဘ)ဦးဝင်းကြည် ၁၂/ဒဂန(နိုင်)၀၀၆၇၀၅ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်ဆွေဆွေဦးထံမှ ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာ အမှတ် ၁၅၃၉၄/၂၀၂၂(၂၉-၈-၂၀၂၂) ရရှိထားသူ ဒေါ်အေးနန်းစိုး (ဘ) ဦးဗိုလ်ဝင်း ၉/လဝန(နိုင်)၂၃၂၆၃၅ မှ ဒေါ်ဆွေမာဦး (ဘ)ဦးမြင့်ဆွေ ၅/ရဥန (နိုင်)၀၅၇၉၄၄ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ဦးစောအောင် ၉/မမန(နိုင်)၀၂၈၅၁၀ နှင့် ပတ်သက်ဆက်နွယ်သူများသိစေရန်

တောင်ကြီးမြို့၊ မြို့မရပ်ကွက်၊ ဆစ်ခ်ဘုရားကျောင်းတိုက်ခန်း၊ အိုလံပစ်လမ်း၊ အမှတ် ၁၃၀နေ ဒေါ်ကြည်ကြည်ဝင်း ၁၃/တကန(နိုင်)၁၃၂၀၁၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးစောအောင်သိစေရန် ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေ အထက်လိပ်စာပါသူသည် လူကြီးမင်းမှ တာဝန်ယူရောင်းချသည့် တောင်ကြီးမြို့၊ ချမ်းသာရပ်ကွက်၊ ဘုရားကြီးအတက်လမ်း၊ အကွက်အမှတ် ၃၅၊ ဦးပိုင်အမှတ် ၂၉၃၊ အမှတ် ၃၅၅၊ ဦးပိုင်အမည်ပေါက်-ဦးစောအောင်အမည်ပေါက်၊ မြေဧရိယာ ၀ ဒသမ ၅၅၇ ဧကပေါ်တွင် တည်ဆောက်မည့် MIX Use(၁၀)ထပ် Chan Thaar Tower အဆောက်အအုံ(၆) ထပ်ရှိ တိုက်ခန်းအမှတ်(၆၀၃)အား ၂၀-၆-၂၀၁၈ ရက်တွင် ကြိုပွိုင့်စနစ်ဖြင့် ရောင်းချခဲ့ရာ ဒေါ်ကြည်ကြည်ဝင်းမှလည်း ကနဦး ငွေကျပ်သိန်း(၁၀၀၀) ပေးသွင်း၍ ဝယ်ယူခဲ့ပါသည်။

တိုက်ခန်းတည်ဆောက်မည့်ကာလမှာ စာချုပ်ချုပ်ဆိုသည့်ရက်မှ (၂)နှစ်တာကာလအတွင်း ပြီးစီးဆောက်လုပ်မည်ဟု သတ်မှတ်ဖော်ပြခဲ့သော်လည်း MIX Use(၁၀)ထပ် Chan Thaar Tower အဆောက်အအုံအား ယနေ့အထိတိုင် တည်ဆောက်ခြင်း အလျဉ်းမရှိသောကြောင့် လူကြီးမင်းမှရောင်းချထားသော ကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်၍ ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ဖြေရှင်းပေးပါရန်နှင့် လာရောက်ဖြေရှင်းခဲ့ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးစောအောင်ကိုယ်တိုင်နှင့် ပတ်သက်ဆက်နွယ်သူများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းသီတာနိုင်(LL.M)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၂၆၅၉၆၇၉၉၅**

---


"ပန္နလက်ဆန်သည့်...သင်္ချာမှော်ရုံတောကြား...မြူးတူးကခုန်နေသော...သူယောင်မယ်ပုစ္ဆာပွင့်သစ် များစွာပါဝင်တဲ့..."



ဆရာ
# ဦးမောင်မောင်တီ
B.Sc. (Applied Maths); B.A. (History)
2023 တက္ကသိုလ်ဝင်တန်းဖြေဆိုမည့်သူများအတွက်
မျှော်မှန်းသင်္ချာမေးခွန်း(၅)စုံနှင့်အဖြေစာအုပ်
ထွက်နေပါပြီ။ ဆိုင်တိုင်းမှာမေးဝယ်ပါ။ (၃၆၀၀ိ/-)
ဆရာ့ရဲ့စာသင်သက်နှစ်(၅၀)ရွှေရတုအထိမ်းအမှတ်အဖြစ် ထုတ်ဝေပါသည်။
ဖြန့်ချိရေး။ ၂၈၄၊ ဗညားဒလလမ်းမကြီး၊ ကျောက်မြောင်း၊ တာမွေ။ ဖုန်း - ၀၉၅၁၈၆၆၃၇


---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (မြေနီကုန်း/မြောက်)၊ ဇောတိကလမ်း၊ မြေကွက်အမှတ်(၂၈)၊ ပဉ္စမထပ်(ခြေရင်းခန်း) အကျယ်အဝန်း (၁၃ပေ× ၅၃ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ များဖြစ်ကြသော ဦးမျိုးဇော်(၁၂/လမတ(နိုင်)၀၂၃၃၆၅)နှင့်ဒေါ်စန္ဒာဟန် (၁၂/စခန(နိုင်) ၀၂၅၉၁၇) တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးပြည့်ဖြိုးအောင်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃ |

---

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၂) ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ် (၅) ဟုခေါ်တွင်သော မြေကွက်ပေါ်၌ တည်ဆောက်ထားသော Golden Parami Condo အဆောက်အဦ ၏ Tower- B ၊ 7th Floor ၊ အခန်းအမှတ်- Unit (701) ၊ ဧရိယာ- ၁၈၃၄. ၄၄ စတုရန်းပေ အကျယ်အဝန်းရှိ ရေ၊ မီး အစုံ ကွန်ဒိုတိုက်ခန်းနှင့်တကွ ကားပါကင်တစ်နေရာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်သော ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက် (Company Registration No. 174950067 (22-3-2004)) (ကိုယ်စားပြုသူ) ဦးကောင်းမြတ်ဇော် (Managing Director ၊ ၁၂/ဒဂန (နိုင်) ၀၃၄၉၄၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကျန်းရီဆုန်း (၁၃/ကခန (နိုင်) ၁၁၀၃၇၆) က အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကွန်ဒိုတိုက်ခန်းအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ကျန်းရီဆုန်း ၏ ညွှန်ကြားချက်အရ-

**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**

တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဗောဂလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ပျဉ်းမနားအမှတ်(၁)ဈေး၊ ရုံအမှတ် (C1က)၊ ဆိုင်ခန်း အမှတ် (၇၅)အား နေပြည်တော်၊ ပျဉ်းမနားမြို့၊ မစိုးရိမ်အရှေ့(၁)လမ်း၊ အမှတ်(၁၅/၁၁)နေ ဒေါ်သင်းသင်းအုန်း ၉/ရမသ(နိုင်) ၀၀၀၇၀၂ အမည်ပေါက် ပိုင်ဆိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အနောက်(၃)ရပ်ကွက်၊ ၁၅လမ်း၊ အမှတ် ၁၈နေ ဒေါ်မေသန္တာချိုလွင် ၁၂/သကတ (နိုင်)၁၆၁၁၁၀သို့ အခွန်ထမ်း အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထား အပြည့်အစုံဖြင့် ဈေးများဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်း ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဘုရင့်နောင်၊ မြေကွက်အမှတ်- ခ/၄၈ B ၊ ကံ့ကော်လမ်းမ၊ ဧရိယာ ၀ဒသမ ၀၂၇၅ဧက၊ ဘုရင့်နောင်ပွဲရုံတန်းရှိ ဦးကျင်ဟန် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဘုရင့်နောင်ပွဲရုံဆိုင်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ယခုရောင်းချသူ ဦးကျင်ဟန်၏သားသမီးများဖြစ်ကြသော (၁) ဦးမြင့်စိုး ၁၄/ပပတ(နိုင်)၁၀၅၄၈၇၊ (၂) ဒေါ်ခင်ခင်စန်း ၁၄/ပသန(နိုင်) ၀၁၆၆၁၃၊ (၃) ဦးမြင့်နိုင် ၁၄/ပပတ(နိုင်)၀၂၈၃၅၀၊ (၄) ဦးမြင့်လွင် ၁၄/ပပတ (နိုင်)၀၂၇၇၃၇၊ (၅) ဦးစိုးလွင် ၁၄/ပသန(နိုင်)၀၁၆၆၁၄၊ (၆) ဒေါ်ခင်မိုး ၁၄/ပသန (နိုင်)၀၁၆၆၁၃၊ (၇) ဦးစန်းလွင် ၁၄/ပပတ(နိုင်)၀၀၀၀၅၉၊ (၈) ဒေါ်ခင်ညိုထွေး ၁၄/ပပတ(နိုင်)၀၀၀၆၃၀ တို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချရန် ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမျိုးသန့်(ခ)ဦးမောင်ကြီး** | **ဒေါ်တင်မိုးခိုင်** |
| **LL.B (စဉ်-၁၀၅၇၇)** | **LL.B (စဉ်-၄၂၁၆၉)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် (၁၂၁၂/ခ)၊ တိုးချဲ့ (၂)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်**
**ဖုန်း-၀၉-၇၉၇၁၆၃၈၆၅၊ ၀၉-၇၉၅၃၈၆၄၄၇**

---

## ဖခင်အမည်မှန်

ပြည်မြို့၊ ဆံတော် ရပ်ကွက်၊ အလက(၁) Grade-8 မှ မောင်သော်ထက်အောင်နှင့် Grade- 5မှ မောင်ရဲရင့်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်သန်း ၈/နမန(နိုင်)၂၂၉၇၁၁ ဖြစ်ပါ ကြောင်း။

---

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်သန္တာအောင် ၉/လဝန(နိုင်)၃၀၃၂၉၂၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် ဖုန်း-၀၉-၇၉၁၆၅၀၁၈၅ သို့ အကြောင်းကြားပေးပါရန်။

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/22437, HONDA Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးသူရိန်ဝင်း ၉/ပမန(နိုင်) ၁၅၈၄၄၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(နေပြည်တော်ရုံး)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇၈

ဒေါ်အယ်လှ နှင့် ဗိုလ်ကြီးနွယ်အေး
တရားလို တရားပြိုင်

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၁)၊ အမှတ် ၄၂/၇၂နေ တရားပြိုင် ဗိုလ်ကြီးနွယ်အေး(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌တရားလိုဒေါ်အယ်လှကမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိ သည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၂၀ရက် (၁၃၈၄ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင် လာရမည်။သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ပြည့်ဖြိုးအောင်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
တောင်ကြီးမြို့နယ်တရားရုံး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/51925, LUOJIA 110, ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းနိုင် ၉/ပမန(နိုင်)၁၄၈၃၅၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(နေပြည်တော်ရုံး)

## မိဘအမည်မှန်

တနင်္သာရီမြို့နယ်၊ သဘော့လိပ် ကျေးရွာနေ မမိုးသူဇာကျော်နှင့် မောင်စိုးစည်သူကျော်တို့၏ မိဘအမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးအောင်ကျော်ထွဋ် ၆/တသရ(နိုင်)၀၄၄၀၄၅နှင့် ဒေါ်နူရ်ဘီ ၆/တသရ(နိုင်)၀၂၂၆၇၉ ဖြစ်ပါကြောင်း။

ဦးအောင်ကျော်ထွဋ်၊ ဒေါ်နူရ်ဘီ

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ထားဝယ်စုရပ်ကွက်၊ ကွင်းအမှတ်-၁၁(ခ)ထားဝယ်စုမြောက်ကွက်သစ်ကွင်း၊ ဦးပိုင်အမှတ် (၃၂)၊ မြေဧရိယာ သုညဒသမ၀၅၅ဧကရှိ မြေကွက်အား မြေငှားဂရန် အမှုတွဲအမှတ် (၁၈၀/၂၀၁၀-၂၀၁၁)အရ ဦးသန်းလွင်၊ ဒေါ်ခင်သန်းအေး အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူတို့၏ အထွေထွေကိုယ်စားလှယ်ရရှိသူ ဦးကျင်တိတ်(ခ)ကောင်းစိန်ထံမှ အရောင်းအဝယ် စာချုပ်အမှတ် (၂၀၁/၂၀၀၉)ဖြင့် ဦးဝင်းကြည်၊ ဒေါ်ခင်စိန်ကြည်တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၃၁-၁၂-၂၀၂၁ရက်တွင် မြေငှားဂရန်သက်တမ်း ကုန်ဆုံးခဲ့ပါသည်။ အဆိုပါမြေနေရာအား မြေငှားဂရန်(အသစ်)လျှောက်ထားနိုင်ရေး ဦးဝင်းကြည် ၁၂/လရန(နိုင်)၀၈၂၄၇၉၊ ဒေါ်ခင်စိန်ကြည် ၉/မနမ(နိုင်)၁၂၄၂၅၃ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြိတ်မြို့

## အများသိစေရန် အသိပေးကြေညာခြင်း

မော်လမြိုင်မြို့၊ကွင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၇၆/ကွင်းရပ်)၊ ဦးပိုင်အမှတ်(၈)၊ မြေဧရိယာ ၀ဒသမ ၁၃၆ဧကရှိ အနှစ်(၃၀)အငှားဂရန်မြေကွက်နှင့် အဆိုပါမြေကွက်ပေါ်ရှိ အမှတ်(၂၈)၊ သုခလမ်း၊ ကွင်းရပ်ရပ်ကွက်ဟုခေါ်တွင်သည့် နှစ်ထပ်နေအိမ်နှင့် မြေကွက်သည် ဒေါ်ကျင်ကွားအမည်ဖြင့် အနှစ်(၃၀) အငှားဂရန်ရရှိထားသော နေအိမ်နှင့်မြေကွက် ဖြစ်ပါသည်။ ဒေါ်ကျင်ကွားသည် ၂၄-၃-၁၉၈၅ရက်တွင်လည်းကောင်း၊ ခင်ပွန်းဖြစ်သူ ဦးဘိန်စွန်းသည် ၄-၃-၁၉၈၂ရက်တွင်လည်းကောင်း၊ ၎င်းတို့၏ တစ်ဦးတည်းသောသားဖြစ်သူ ဦးစိန်လင်း(ခ)ဦးဟုတ်ကျိသည် ၂၇-၈-၂၀၀၉ ရက်တွင်လည်းကောင်း အသီးသီး ကွယ်လွန်သွားကြပြီဖြစ်ပါသည်။ ထို့ကြောင့် ဦးစိန်လင်း(ခ)ဦးဟုတ်ကျိ၏ ဇနီးဖြစ်သူ ဒေါ်ညွန့်ရှင်(ခ)ဒေါ်ချိုချိုညွန့်မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အား ချုပ်ဆိုမည်ဖြစ်ပါ၍ အထက်ပါနေအိမ်မြေကွက်နှင့် ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းများနှင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူများမရှိပါက အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခိုင်ဝင်းအေး (တရားလွှတ်တော်ရှေ့နေ)
စဉ်-၁၀၂၄၃(၂၇-၁-၂၀၁၅)
အမှတ် ၅၅၊ တက္ကသိုလ်ပတ်လမ်း၊ တောင်ဝိုင်းရပ်၊ မော်လမြိုင်မြို့

## အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

(၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ ဂုဏ်ပြုချီးမြှင့်ခြင်းခံရသော လူမှုထူးချွန်(ပထမဆင့်) ဦးညွန့်ဆွေ၊ ဥက္ကဋ္ဌ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းအား ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်ခံရသည့်အတွက် အသက်ရာကျော်ရှည်၍ နိုင်ငံ့အကျိုး၊ စာပေထွန်းကား ပြန့်ပွားရေး အကျိုးများ ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် အထူးလိုက်လှဲစွာ ဝမ်းမြောက် ဂုဏ်ယူမိပါသည်။

အမှုဆောင်အဖွဲ့
သဟာယပိဋကတ်စာဖတ်အသင်း
သရက်မြို့

## သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄၄(ကံဘဲ့)၊ မြေကွက်အမှတ်-၇/၃၀၊ ဦးချစ်ဝင်းအမည်ပေါက် မြေငှားစာချုပ်အမျိုးအစား မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၊ (RC)အဆောက်အအုံကြီးမှ အမှတ် (၃၁၇)၊ တတိယထပ် (ခြေရင်းခန်း)၊ အရှေ့ဝါယာလက် (၃)လမ်း၊ (ကမ္ဘာအေး)၊ (၉)ရပ် ကွက်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သော ဧရိယာ (၁၇x၄၂)ပေအကျယ်ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တွယ်ကပ် တပ်ဆင်ထားသော ရေ၊ မီး၊ လျှပ်စစ်မီတာအပါအဝင် လက်ရှိထားနေထိုင်သုံးစွဲပိုင်ခွင့် အရပ်ရပ်အားလုံးနှင့်စပ်လျဉ်း၍ (၇-၈- ၁၉၉၉)ရက်စွဲပါ အရောင်းအဝယ်စာချုပ်အရ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်၍ လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့်ရှိသူ ကျွန်ုပ်၏အမှုသည် ဦးကင်ဟုတ် (ပီအေဂျီ-၁၄၀၄၅၉) (၁၂/မရက(နိုင်)၁၂၇၇၈၀)၏ သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ် ယောက်ကမျှ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ တနည်းနည်းဖြင့် စီမံခန့်ခွဲခြင်းတို့ လုံးဝ(လုံးဝ)မပြုလုပ်ကြပါရန်နှင့် ကြိုတင်အသိပေးကြေညာတားမြစ်ထားပါလျက် မလိုက်နာဖောက်ဖျက်ပျက်ကွက်ကြောင်း စုံစမ်းကြားသိရပါက ဥပဒေပါ အခွင့်အရေးများတည်ရှိသည်နှင့်အညီလိုအပ်သလိုအရေးဆိုဆောင်ရွက်ပေးနိုင်ပါရန် ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားထားပြီးဖြစ်ပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြိုတင်အသိပေးကြေညာအပ်ပါသည်။

ဦးကင်ဟုတ်၏လွှဲအပ်ညွှန်ကြားချက်အရ-LRE Lawfirm

| တရားလွှတ်တော်ရှေ့နေများ | အထက်တန်းရှေ့နေများ |
|---|---|
| ဦးဝဏ္ဏဇော်(စဉ်-၉၇၈၀) | ဦးမင်းမင်း(စဉ်-၂၇၃၂၀) |
| ဒေါ်စိုးစိုးနွယ်(စဉ်-၁၄၁၈၃) | ဦးဇာနည်အောင်(စဉ်-၄၉၉၆၀) |
| ဒေါ်စန်းစန်းနု(စဉ်-၁၄၁၈၄) | ဒေါ်နွေးနွေးအိ(စဉ်-၄၉၄၇၁) |
| ဒေါ်အေးမွန်သိန်း(စဉ်-၁၆၂၆၉) | |
| ဒေါ်စုမြတ်နွယ်(စဉ်-၁၆၆၈၅) | |

အမှတ် (၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ဖုန်း-၀၉-၅၁၈၁၁၈၅

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ လူနေရပ်ကွက်အမှတ်-ရာဇသင်္ကြန်၊ မြေကွက်အမှတ်-၂၃၄ ဟုခေါ်တွင်သော (အမှတ်-၂၃၄၊ အုတ်လှကြီးလမ်း၊ ရာဇသင်္ကြန်ရပ်ကွက်၊ ဒလမြို့နယ်ဟုလည်းခေါ်တွင်သော) အကျယ်အဝန်းပေ (၄၀x၆၀)ရှိ ဦးမင်းလွင် ၁၂/ဥကမ(နိုင်)၀၉၅၈၅၅ အမည်ပေါက် နှစ် ၆၀ မြေငှားဂရန် မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယင်းအမည်ပေါက်ပိုင်ရှင်ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှုတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ် အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဦးမျိုးမြင့်အောင် | ဦးအေးမင်းသူ | ဒေါ်လင်းလင်းကြည် |
|---|---|---|
| စဉ်-၂၅၁၆၅ | စဉ်-၂၆၁၉၉ | စဉ်-၄၆၃၂၈ |

အထက်တန်းရှေ့နေများ
အမှတ်-၅၈/၆၀(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆၊ ၀၉-၄၂၅၂၈၈၆၅၁

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 41W/92239, Honda Dream 125 , M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျင်ရွှေ ၁၄/ကကန(နိုင်)၀၀၅၄၁၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၉၁၂၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိန်အေး ၁၀/ခဆန(နိုင်)၀၂၉၆၉၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ ၂၀၂၃-၂၀၂၅ခုနှစ် အဌမ သက်တမ်း အလုပ်အမှုဆောင်များအဖြစ် တာဝန်ထမ်း ဆောင်လိုသူ အသင်းသားများဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ ၂၀၂၃-၂၀၂၅ခုနှစ် အဌမသက်တမ်းအတွက် အလုပ်အမှုဆောင်များ ပြန်လည်ရွေးချယ်တင်မြှောက်ပွဲအား ၂၀၂၃ခုနှစ် ဇန်နဝါရီလတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အလုပ်အမှုဆောင်များအဖြစ် တာဝန်ထမ်းဆောင်လိုသူ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အသင်းသားများသည် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး၊ ဘုရင့်နောင်လမ်းမကြီးနှင့်ဆေးဝါးစက်ရုံလမ်း ထောင့်၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ(၃၀)ရက်နေ့ (သောကြာနေ့) မွန်းလွဲ ၁၆း၀၀ နာရီနောက်ဆုံးထား၍ အဆိုပြုလွှာများ လာရောက်တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊မေတ္တာညွန့်ရပ်ကွက်၊ အဝေရာအိမ်ရာ(၂)၊ အခန်းအမှတ်(၄၀၁)အား တရားဝင် ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ကြည် ၁၂/မဂတ(နိုင်)၀၃၁၂၆၇ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်သက်စုနိုင် ၁၂/ဗဟန(နိုင်)၀၈၈၆၇၇ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများဖြင့် ယနေ့မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါကဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ဌေးလွင်
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၇၇၅)
အမှတ် ၉၉၊ ဒုတိယထပ်၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

## ကန့်ကွက်နိုင်ပါကြောင်း

၁။ နေပြည်တော်ပျဉ်းမနားမြို့၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း ယာဉ်ပြင်အလုပ်ရုံအမှတ်(ယ-၄၈)ဆိုင်ခန်းအား အမှတ် (၁၄/၇၆၅)၊ သပြေလမ်း၊ ပေါင်းလောင်းရပ်ကွက်၊ ပျဉ်းမနားမြို့နေ **ဦးဘိုဌေးအောင် ၉/ပမန(နိုင်)၀၅၄၃၇၉** က အမည်ပေါက် ပိုင်ဆိုင်ပါသည်။

၂။ အဆိုပါ(ယ-၄၈)ဆိုင်ခန်းအား အမှတ်(၁၄/၂၃၀)၊ ပေါင်းလောင်း(၁)၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နေ ဦးဇင်မင်းခိုင် ၉/မထလ(နိုင်)၂၄၉၀၅၄သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် အထောက်အထားများနှင့်အတူ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ လျှောက်ထားတင်ပြလာပါသည်။

၃။ သို့ဖြစ်ပါ၍ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်လိုသူရှိက ကန့်ကွက်နိုင်ကြောင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ ကန့်ကွက်လွှာတင်သွင်းလျှောက်ထားနိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက (သို့မဟုတ်) ကန့်ကွက်လွှာတွင် အထောက်အထားခိုင်လုံမှုမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အခွန်ဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## အထူးကိုယ်စားလှယ်လွှဲစာရပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်၁၄၄/လေယာဉ်ကွင်းအရှေ့တောင်၊ဦးပိုင်အမှတ်(၁၀၉)၊မြေကွက်အမှတ် ၁၀၈၊ ဧရိယာ ၀ဒသမ၁၁၄ ဧကရှိ မြေကွက်ဥပစာနှင့် ပတ်သက်၍ ဒေါ်သီတာထွေး(ခ) မစု ၁၃/တကန(နိုင်)၁၂၆၀၁၀ မှ ဒေါ်ပြည့်ဖြိုးအောင် ၁၃/တကန(နိုင်) ၃၁၃၈၁၀ ထံသို့ သက်ဆိုင်ရာဌာန အသီးသီးတွင် လိုက်ပါ ဆောင်ရွက်နိုင်ရန်အတွက် လွှဲအပ်ခဲ့သည့် တောင်ကြီးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၁၅-၁၂-၂၀၂၁ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၂၄/၂၀၂၁အား ကြော်ငြာသည့်ရက်မှစ၍ ရုပ်သိမ်းလိုက်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သီတာထွေး(ခ)မစု၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နန်းဖစ်မွန်း(LL.B,LL.M)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၈၆၂၅/၂၀-၁၂-၂၀၁၂)
ည/၃၂၆၊ သစ္စာလမ်း
ညောင်ဖြူစခန်းရပ်၊ တောင်ကြီးမြို့

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ တောင်ချောင်ကျေးရွာနေ ဦးမောင်ဆန်းဝင်းနှင့် ဒေါ်ခင်သန်းရွှေတို့၏သမီးဖြစ်သူ မမြတ်သီရိဝေ ၁၁/ပတန(နိုင်)၀၆၃၂၉၀သည် မိဘမောင်နှမများအပေါ် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ခဲ့ပါသည်။ သူမ၏ အခက်အခဲများကိုလည်း မိဘများ၏ စွမ်းဆောင်နိုင်သည်ထက် ပိုမိုဆောင်ရွက်ပေးခဲ့ပြီးဖြစ်သော်လည်း ၂၀၂၂ ခုနှစ် ၁၂ လပိုင်းတွင် မိမိသဘောဆန္ဒအလျောက် နေအိမ်မှထွက်သွားပါသဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို မိသားစုမှ လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမောင်ဆန်းဝင်းနှင့် ဒေါ်ခင်သန်းရွှေ
မိသားစု

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးသက်ကို ၆/ထဝန(နိုင်)၁၇၁၇၃၀၏ နိုင်ငံကူး လက်မှတ်နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၁၀၀၄၃၁၃

## အမည်ပြောင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ YURI ကိုယ်ပိုင် အလယ်တန်းကျောင်း Grade-1 အတန်းမှ (ဘ)ဦးတင့်ဇော်ထွန်း ၁၂/လမန(နိုင်)၀၀၁၄၆၈၏သမီး မမိုးယုဇော်အား မဆုလာဘ်မွန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မဆုလာဘ်မွန်

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 21W/24992 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းရီ ၇/ပခန(နိုင်)၀၉၆၁၄၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
တိုင်းဒေသကြီးဦးစီးမှူးရုံး
(ပဲခူး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/77694 ယာဉ်လက်ဝယ်ရှိသူ ဦးနေဝင်းစိုး၉/ကဆန(နိုင်)၀၄၃၂၆၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး
(ပဲခူး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5J/9493 ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်ဆွေ ၇/နတလ(နိုင်)၀၈၈၉၂၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး
(ပဲခူး)

## IN THE MATTER OF MYANMAR

## COMPANIES LAW AND INSOLVENCY LAW "CUFA COMPANY LIMITED"

## (In Members' Voluntary Winding Up)

According to the Special Resolution at the General Meeting held on 7–12–2022 through Online Virtual Meeting and it was resolved that:

(1) **"CUFALIMITED"** be wound up voluntarily by the members with effect from (7–12–2022).

(2) Be appointed **DAW THANT MYAT WIN** (B.Com.(Q), C.P.A, Dip. in IFR, Dip. in Business Law, Certified Public Accountant) of **FOCUS CONSULTING GROUP LIMITED** at No.180 (First Floor), Botahtaung Pagoda Road, Taw Wun Myanmar Condo, Pazundaung Township, Yangon Region, Myanmar as liquidator of the Company for the purpose of winding-up.

(3) The creditors of "CUFA LIMITED" are, therefore, requested to submit their claims together with supporting legal documents to the liquidator at the address given above latest by (6–1–2022).

U KYAW ZIN MYO
Secretary
CUFA LIMITED

## အစည်းအဝေးအကြောင်းကြားစာ

(မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇) ပုဒ်မ၁၁၆(င)(၂)အရ)

DANA HTUN PYAE COMPANY LIMITED သည် မတည်ရင်းနှီးငွေ လျှော့ချခြင်းအား အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ရယူမည့် အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်–

**အစည်းအဝေးကျင်းပမည့်ရက်** – ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၁၂ရက်

**အစည်းအဝေးကျင်းပမည့်အချိန်** – နံနက်(၉:၀၀)နာရီ

**အစည်းအဝေးကျင်းပမည့်နေရာ** – အမှတ်(၄၃/၂၄၈)၊ ပညာတန်ဆောင်(၃)လမ်း၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

DANA HTUN PYAE COMPANY LIMITED

Ph–09–761025285, E–mail – dnhp2020@gmail.com

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၁)၊ မြင်သာ(၇)လမ်း၊ မြေကွက်အမှတ်(၈၂/၁)၊ မြေညီထပ်(ခြေရင်းခန်း) အကျယ်အဝန်း (၁၄ပေ× ၅၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချ ပိုင်ခွင့်ရှိသူ ဒေါ်မြင့်မြင့်ခိုင် (၁၂/သဃက(နိုင်) ၁၇၂၃၃၉) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)
Hein Htet San Law Firm

ဦးပြည့်ဖြိုးအောင်
LL.B,
အထက်တန်းရှေ့နေ(စဉ်–၄၅၅၃၀)
၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/ 8855 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/ 80484 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ် - PHASE-2 ၊မြေတိုင်းရပ်ကွက်အမှတ်-၁၁၀၊ မြေကွက်အမှတ်-၁၈၄၊ ဧရိယာ- ၀ ဒသမ ၁၁၀ဧက ရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ မြေကွက်လိပ်စာ အမှတ်-၁၈၄၊ သဇင်လမ်း နှင့် သစ္စာလမ်းထောင့်၊ (၁၁၀)ရပ်ကွက်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးအေးချို၊ ဒေါ်အေးအေးမြင့် အမည်ပေါက် မြေကွက်နှင့် အကျိုးခံစားခွင့်များအား ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်အဆောက်အအုံအား အမည်ပေါက် ဦးအေးချို၊ ဒေါ်အေးအေးမြင့်တို့ထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင် လက်ရှိထားသူ ဦးစိုးလင်းသိန်း ၁၂/ပဇတ(နိုင်)၀၂၉၈၀၃ က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ကျွန်မ၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါပြီး (၁၄)ရက် အတွင်း အထောက်အထားမူရင်းခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်တင်ဝင်းမြင့် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် –၄၉၄၂/၁၉၈၉)
တိုက် (C)၊ အခန်း (404)၊ Pinlon Village Residences ၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း– ၀၉–၅၁၂၀၈၅၈

## အမည်ပြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းခရိုင်၊ဘုတ်ပြင်းမြို့နယ်၊ တောင်ဒဂုံဆီအုန်းနေ (ဘ) ဦးဇော်ထွန်းအောင် ၇/လပန(နိုင်)၀၆၅၆၉၏ သမီးဖြစ်သူ မထက်ရတီအောင်အား မထက်မြတ်ရတီဟု ပြောင်းလဲခေါ်ပါရန်။

မထက်မြတ်ရတီ

## ပျောက်ဆုံးကြောင်း

ကျွန်မ မချောစုလှိုင် ၅/ယမပ(နိုင်)၁၀၀၀၃၀ ၏နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

ဖုန်း–၀၉–၇၉၂၀၃၁၀၁၆

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/နဝဒေးရပ်၊ နဝဒေးရပ်ကွက်ရှိ ဒုအရခဗမြတ်ကြည် (ကိုယ်ပိုင်အမှတ်၄၈၉၅၄၆) ၁၂/ဥကတ(နိုင်)၀၅၆၀၁၀ (ဘ) ဦးမောင်ကြည် အမည်ပေါက်ပါမစ်မြေကွက်အမှတ် ပစ(B)၉၄၅အမည်ပေါက်(ကွယ်လွန်)၏တရားဝင်အမွေခံဇနီးဖြစ်သူဒေါ်မိမိနိုင် ၁၂/ဥကတ(နိုင်)၀၅၆၀၇၇ (ဘ)ဦးထွန်းညွန့် မှ တရားဝင်အမွေခံဖြစ်ကြောင်းတရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ဒုအရခဗမြတ်ကြည်သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိအဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့်မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)

ဗဟန်းမြို့နယ်တရားရုံး

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် (၂၀ )

| ဦးကျော်ကျော်ဦး | နှင့် | ဦးမရန်ခါးလီ |
|---|---|---|
| (တရားလို) | | ( တရားပြိုင် ) |

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ အမှတ်(၃၈)နေ တရားပြိုင် ဦးမရန်ခါးလီ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

